ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့ (23-12-2010) (၆၂၂၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂျပန်နိုင်ငံဘုရင်မင်းမြတ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　ဒီဇင်ဘာ　၂၃

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံဘုရင်မင်းမြတ် အာကီဟီတို၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂျပန်ဘုရင်မင်းမြတ် အာကီဟီတိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဂျပန်နိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　ဒီဇင်ဘာ　၂၃

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံဘုရင်မင်းမြတ် အာကီဟီတို၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ နာအိုတိုခန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပဲခူးရိုးမတောင်ပေါ်ရှိ အတက်မြင့်သောနေရာများမှ မြေကြီးများကို စက်ယန္တရားများဖြင့် ထိုးယူဖယ်ရှားပြီး အဆင်းလမ်းနိမ့်သောနေရာများတွင် ပြန်လည်ဖို့ရန်အတွက် မြေသယ်ကားပေါ်သို့ တင်ပေးနေစဉ်။

၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင်းသဘင် အခမ်းအနားတက်ရောက်ရန် နှိုးဆော်

နေပြည်တော်　ဒီဇင်ဘာ　၂၂

၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။ ဒီဇင်ဘာ ၃၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါ အစည်းအဝေးခန်းမ၌ပင် အစမ်းလေ့ကျင့်ပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်၍ ဆုရရှိသူများအားလုံး မပျက်မကွက် တက်ရောက်ကြရန်ဖြစ်သည်။

နယ်မှ ဆုရရှိသူများသည် နေပြည်တော်သို့ တိုက်ရိုက်လာပါက နေပြည်တော်ဘူတာကြီး၊ လေဆိပ်နှင့် ကားဂိတ်များတွင် ကြိုဆိုရေးအဖွဲ့များနှင့် ဆက်သွယ်ကြရန်ဖြစ်ပြီး သတင်းပို့မေးမြန်းလိုပါက နေပြည်တော် ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၄၁၂၂၀၂ နှင့် ၄၁၂၃၇၅ တို့သို့ လည်းကောင်း၊ ရန်ကုန်မှ လိုက်ပါကြမည့် စာပေပညာရှင်များနှင့် ဆုရရှိသူများသည် စာပေဗိမာန် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဖုန်း-၀၁-၃၈၁၄၄၈၊ စာတည်းမှူးချုပ် ဖုန်း-၀၁-၃၇၆၅၆၉၊ စာတည်းမှူး ဖုန်း-၀၁-၂၄၉၂၃၀ နှင့် ဌာနခွဲမှူး(စီမံ) တာဝန်ခံ ဖုန်း-၀၁-၃၈၁၄၄၉ တို့သို့ ခရီးစဉ်နှင့်ပတ်သက်၍ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

မိမိအစီအစဉ်ဖြင့် လာရောက်ကြမည့်သူများအပါအဝင် ဆုရသူများအားလုံးသည် ဒီဇင်ဘာ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) ညနေနောက်ဆုံးထား၍ အမှတ်(၇) တည်းခိုရေးစခန်း ရွာတော် နေပြည်တော်သို့ အရောက်လာကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လမ်းမကြီးခုနစ်သွယ်ဖြင့် ရိုးမကို အောင်မြင်ခြင်း

မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ပိန်းဇလုပ်(ပဲနွယ်ကုန်း)လမ်း

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်

ဓာတ်ပုံ - မိုးမြင့်လှိုင်

ပဲခူးရိုးမသည် ရန်ကုန်တိုင်းဒေသကြီးမှသည် ပဲခူး-မကွေး-မန္တလေးတိုင်းဒေသကြီးအတွင်းထိ ရှည်လျားစွာ တည်ရှိနေသော တောင်တန်းကြီးဖြစ်သည်။ နှစ်ပေါင်းများစွာ ရိုးမကြီး၏ အရှေ့ဘက်ခြမ်းဒေသမှ ပြည်သူများနှင့် အနောက်ဘက်ခြမ်းဒေသမှ ပြည်သူများအတွက် ကြားကကန့်လန့်ခံနေသော အတားအဆီးကြီးလည်း ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်နှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ တစ်ပြည်လုံးတွင် လမ်းနှင့် တံတားများ တည်ဆောက်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိသကဲ့သို့ ယခင်က အတက်ခက်ခက်၊ အဆင်းခက်ခက် လူသွားလမ်းကလေးများနှင့် သစ်ထုတ်လုပ်ရေးလမ်းသာရှိသော ပဲခူးရိုးမကြီးအတွင်းကို လမ်းမကြီးခုနစ်သွယ် ဖောက်လုပ်၍ ရိုးမကို အောင်မြင်မှု ရယူလျက်ရှိနေကြောင်း ကြားသိရသည်။

သို့ဖြစ်၍ ကျွန်တော်သည် ရိုးမကို အောင်မြင်မှုရယူနေကြောင်း သတင်းကောင်းကို ဆောင်းပါးရေးသားရန် ၉-၁၂-၂၀၁၀ ရက်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

ထူးခြားသည့် ညအပူချိန်များ

(၂၂-၁၂-၂၀၁၀)

ဟားခါး	(- ၄)	ဒီဂရီစင်တီဂရိတ်
မချမ်းဘော	၂	ဒီဂရီစင်တီဂရိတ်
လားရှိုးနှင့် ဟဲဟိုး	၃	ဒီဂရီစင်တီဂရိတ်စီ

၂၃-၁၂-၂၀၁၀
(ကြာသပတေးနေ့)

အမျိုးဂုဏ် ဇာတိဂုဏ် ဂီတဂုဏ် မြှင့်တင်

သက်ကြီးဂီတပညာရှင်များ၊ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲများကို မကြာမီ ကျင်းပတော့မည်။ **ပူဇာစ ပူဇ နေယျာန်** ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာဖြစ်သည်။ အသက်အရွယ်အရ၊ ပညာအရ၊ ဂုဏ်အရ ကြီးမြင့်သည့် သက်ကြီးပညာရှင်များအား ပူဇော်ကန်တော့ခြင်းသည် မြန်မာတို့၏ ကောင်းမြတ်သော ရိုးရာအစဉ်အလာဖြစ်သည်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ ဒုတိယအကြိမ် အသက်(၈၀)နှင့်အထက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၉ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် သက်ကြီး စာပေပညာရှင်များနှင့် သက်ကြီး ဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲ တို့အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ခေတ်အဆက်ဆက် အမျိုးသားရေးလှုပ်ရှားမှုများတွင် စာပေပညာရှင်ကြီးများ၊ ဂီတပညာရှင်ကြီးများက အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအမြင် ကြည်လင်စေရေး ပါဝင်စွမ်းဆောင်ခဲ့ကြသည်။ တိုင်းကျိုးပြည်ဆောင် စာပေများ ရေးသားခဲ့ကြသည်။ ဇာတိသွေး၊ ဇာတိမာန်ထက်သန်စေရေး ဂီတအနုပညာဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

နိုင်ငံတော်က စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် အနုပညာရှင်များနှင့် အနုပညာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ပံ့ပိုးကူညီလျက်ရှိသည်။ ဂီတလောကသားများအနေဖြင့် ဂီတလောကနှင့် ဂီတအသိုင်းအဝိုင်း ခိုင်မာအောင် တည်ဆောက်ကြရပေမည်။ မိမိတို့၏ ဂီတလောကကို ပြန်လည်ပံ့ပိုးကူညီ အကျိုးပြုကြရပေမည်။ ဂီတလောကအကျိုး၊ မိမိတို့အကျိုးကို ဆောင်ရွက်နေသကဲ့သို့ တိုင်းပြည်အကျိုးကိုလည်း ပါဝင်သယ်ပိုးဖော်ဆောင် ကြရပေမည်။

ဂီတအနုပညာသည် နက်နဲသည်။ သိမ်မွေ့သည်။ လူတိုင်းကို ဂီတဖြင့် ဆွဲဆောင်စည်းရုံးနိုင်သော စွမ်းပကားရှိသည်။ ဂီတအပါအဝင် မြန်မာတို့၏ အဆင့်မြင့်အနုပညာများ ကမ္ဘာသို့ပျံ့နှံ့နိုင်ရေး ဆက်လက်ကြိုးပမ်းကြရပေမည်။ ယခုအခါ ပြည်ပနိုင်ငံများမှ ဂီတအနုပညာ အဆို၊ အကနှင့် ဝတ်စားဆင်ယင်မှုများ စိမ့်ဝင်ပျံ့နှံ့လျက်ရှိရာ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မပျောက်ပျက်စေရေး ဂီတပညာရှင်များ ဝိုင်းဝန်းထိန်းသိမ်းကြရန် တာဝန်ရှိသည်။

ခေတ်နှင့်အညီ ဖွံ့ဖြိုးလာခြင်းသည် ကောင်းမွန်သော တိုးတက်မှုဖြစ်သည်။ သို့သော် ပြည်ပယဉ်ကျေးမှု၊ လူနေမှုဓလေ့စရိုက်၊ ပြုမူပြောဆိုမှုများကို ပုံတူကူး ဖျော်ဖြေတင်ဆက်လာမှုများသည် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဂီတ ပင်မ ရေစီးကြောင်းကို လမ်းလွဲစေနိုင်သဖြင့် သတိပြုဆင်ခြင်ကြရပေသည်။ ဂီတပညာရှင်တိုင်းက အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးတွင် အစဉ်အလာကြီးမားသည့် မြန်မာ့ဂီတနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မတိမ်ကော မပပျောက်စေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ခရီးသွားလာရေးဆိုင်ရာ စီမံခန့်ခွဲမှု(အခြေခံ)သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ကြီးကြပ်ဖွင့်လှစ်သော ခရီးသွားလာရေးဆိုင်ရာ စီမံခန့်ခွဲမှု(အခြေခံ) သင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပန်ဒါဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် သင်တန်းတွင် ပထမဆုရသင်တန်းသား အမှတ်(၈၉) ဦးနေမျိုးထွန်း၊ ဒုတိယဆုရ သင်တန်းသား အမှတ်(၉၉) ဦးခွန်သန်းထွန်းလေးနှင့် တတိယဆုရ သင်တန်းသားအမှတ်(၃၉) ဒေါ်သဲဆုလွင်တို့အား ဆုများချီးမြှင့်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၁၄ ဦး တို့အား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းကို ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ အရည်အသွေး အဆင့်အတန်းတိုးတက်စေရန် ရည်ရွယ်၍ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ဘာသာရပ်များ၊ ခရီးသွားကုမ္ပဏီ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်သည့် ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင် ခရီးသွားလာရေးဆိုင်ရာ စီမံခန့်ခွဲမှု (အခြေခံ)သင်တန်းအမှတ်စဉ် (၁၁) တွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာ့သစ်လုပ်ငန်း အငြိမ်းစားသက်ကြီးဆရာများ ကန်တော့ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန သစ်အခြေခံစက်မှုလုပ်ငန်းဌာနတို့မှ အငြိမ်းစားသက်ကြီးဆရာများအား ဆဋ္ဌမအကြိမ် ကန်တော့ပွဲကို အစဉ်အလာအတိုင်း ၂၀၁၁ခုနှစ် ဇန်နဝါရီ ၈ ရက်(စနေနေ့)တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ နံနက်၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ အလှူငွေထည့်သည်ဖြစ်စေ၊ မထည့်သည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိလိုသည်များကို ဥက္ကဋ္ဌ ဖုန်း-၅၈၄၁၃၆၊ အတွင်းရေးမှူး ဖုန်း-၅၈၁၂၉၃၊ အဖွဲ့ဝင် ဖုန်း-၅၈၀၁၁၀၈၊ ၀၉-၅၁၈၇၀၈၈၊ ပြည်ပရောင်း ဖုန်း-၅၂၈၇၆၄၊ ပြည်တွင်းရောင်း ဖုန်း-၃၇၂၄ ၂၃ နှင့် သစ်အခြေခံ ဖုန်း-၃၇၂၈၀၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။(ကြေးမုံ)

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် သူနာပြုအေးရိပ်ငြိမ်ဝင်း အေးရိပ်ငြိမ်ခန်းမ၌ ဒီဇင်ဘာ ၄ရက်က ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပရာ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနန်းထွမ်းလှ အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ Santini International Training Academy က သင်ကြားပေးလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၂

American Hotel & Lodging Association ၏ တစ်ခုတည်းသော မြန်မာပြည်ကိုယ်စားလှယ်ကျောင်းခွဲ ဖြစ်သော Santini International Training Academy က ပြည်တွင်း ပြည်ပရှိ အဆင့်မြင့်ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ Shopping Mall များ၊ အပျော်စီးသင်္ဘောများတွင် အလုပ်လုပ်ကိုင်လိုသူများအတွက်နှင့် ဘဝမြင့်မားရေးအတွက်လိုအပ်သော အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများအဖြစ် နိုင်ငံတကာအဆင့်မီ ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများကို သင်ကြားပေးလျက်ရှိသည်။

၎င်းသင်တန်းကျောင်းသည် Front Office Operation, Food & Beverage Operation နှင့် Housekeeping Operation သင်တန်းများကို အခြေခံကာလတို သင်တန်းများအပြင် Management Level အဆင့်အထိ သင်ကြားပေးပြီး American Hotel & Lodging Association က တိုက်ရိုက်ချီးမြှင့်သည့် လက်မှတ်များ ရရှိမည်ဖြစ်ကြောင်း သိရသည်။

TRAC (Hospitality Short Courses)များမှာ ဟိုတယ်လုပ်ငန်းနယ်ပယ်သို့ စတင်ဝင်ရောက်မည့်သူများအတွက် အထူးသင့်လျော်ပြီး သင်တန်းပြီးဆုံးလျှင် နိုင်ငံတကာအဆင့်မီ ဟိုတယ်များသို့ အလုပ်သင်လုပ်ငန်းခွင်(On Job Training) များပါ ပါဝင်သည့်အတွက် သင်တန်းပြီးဆုံးသည်နှင့် စာတွေ့လက်တွေ့ ကျွမ်းကျင်နိုင်ပြီး အာမခံချက်ပြည့်ဝသော နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ကိုပါ ရရှိစေနိုင်မည်ဖြစ်သည်။

Management Level သင်တန်းများမှာ အတွေ့အကြုံတစ်နှစ်နှင့် အထက်ရှိသူများ(သို့) TRAC (Hospitality Short Courses) ပြီးဆုံး၍ Certificate ရှိပြီးသူများတက်ရောက်နိုင်ပြီး ဝင်ခွင့်အင်္ဂလိပ်စာ ဖြေဆိုရမည်ဖြစ်သည်။ တစ်နှစ်လျှင် ဝင်ခွင့်သုံးကြိမ်ရှိ၍ သင်တန်းကာလမှာ လေးလကြာမြင့် မည်ဖြစ်သည်။ Management Level ဝင်ခွင့်စာမေးပွဲမှာ ဒီဇင်ဘာနောက်ဆုံးပတ်တွင် ဖြေဆိုရမည်ဖြစ်ပြီး ထူးချွန်စွာဖြေဆိုနိုင်သူ ၁၅ ဦးအား ၂၀ ရာခိုင်နှုန်း Discount (Scholarship) ပေးမည်ဟု သိရှိရသည်။ လုပ်ငန်းခွင်ဝင်ရောက်နေသူများ အတွက်လည်း ရုံးချိန်ပြင်ပသင်တန်းများကို ဖွင့်လှစ်ပေးထားပြီး ထိရောက်သော စနစ်များဖြင့် သင်ကြားပေးကြောင်း သိရှိရသည်။

Diploma သင်တန်းများအနေဖြင့် အင်္ဂလန်နိုင်ငံ City & Guilds အသိအမှတ်ပြု ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများကို ဖေဖော်ဝါရီလကုန်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းများအတွက် လူဦးရေ ကန့်သတ်ထားကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက အမှတ်(၁၇၀/၁၇၆) နယူးဧရာဟိုတယ် ပထမထပ်၊ (အာလာဒင်ဂိမ်းစင်တာအနီး) ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၃၇၃၉နှင့် ၃၈၃၇၄၀တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မိဘများအား အသိပညာပေးဟောပြော

နေပြည်တော် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်း(ဗဟို)က မိဘများအား အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းသို့ ထောက်ပံ့ငွေနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ရာ တပ်ကုန်းမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေဦးက လက်ခံသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ကလေးသူငယ်ဖွံ့ဖြိုးရေးစီမံကိန်း မန်နေဂျာ ဒေါ်အေးအေးမွန်ဦးက 'ရင်သွေးရတနာ ပျိုးထောင်ရာ'ခေါင်းစဉ်ဖြင့် မိဘများအား အသိပညာပေး ဟောပြောပြီး လက်ကမ်းစာစောင်များ ပေးဝေသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ ပညာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာစန္ဒာအောင်၊ နေပြည်တော်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးဥက္ကဋ္ဌ၊ တပ်ကုန်းမြို့နယ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က မိဘများအား အသိပညာပေးဟောပြောပွဲကို နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာဟာဂျီများအား ကြိုဆိုဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

သာသနာရေးဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့မှ ဟဂ်ျပြုပြီး ပြန်လည်ရောက်ရှိလာသော မြန်မာဟာဂျီများအား မြန်မာမွတ်ဆလင် အမျိုးသားရေးရာအဖွဲ့ချုပ် က (၂၁)ကြိမ်မြောက် ကြိုဆိုဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာမွတ်ဆလင် အမျိုးသားရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဟာဂျီဦးလှရွှေက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာမွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ် နာယကများကိုယ်စား နာယက သံအမတ်ကြီး ဦးလှမောင်(ငြိမ်း)နှင့် မြန်မာဟာဂျီများ ကြိုဆိုဂုဏ်ပြုပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဟာဂျီဦးတင်မောင်ဝင်း (ဗိုလ်မှူး-အငြိမ်းစား)တို့က ဂုဏ်ပြုစကားပြောကြားကြသည်။

ယင်းနောက် မြန်မာဟာဂျီများကိုယ်စား ဒေါက်တာသန်းဝင်းက ကျေးဇူးတင်စကားပြောကြားပြီး ဆုမွန်ကောင်းများ တောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အထက(၁)လမ်းမတော် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၂

အထက(၁)လမ်းမတော် (စိန်ဂွန်း) (၁၉၆၈-၈၄)ပညာသင်နှစ် ကျောင်းသားဟောင်းများ ကြီးမှူးကျင်းပသည့် ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉နာရီတွင် ကျောင်းခန်းမဆောင်ကြီး စွမ်းအားခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ယမန်နှစ်က တက်ရောက်ခဲ့သော အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများထံသို့ ဖိတ်စာများ ပေးပို့ပြီးဖြစ်ရာ မရရှိပါက အကြောင်းကြားစာဖြင့် ကြွရောက်ပါရန်နှင့် တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ဝန်ကြီး ဦးဌေးဦးအား ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ဒုတိယဥက္ကဋ္ဌ Mr. Ahn Dong-Won၊ Han Kyong National University ဥက္ကဋ္ဌ Dr. KIM Sung-Jin နှင့် ကိုရီးယားသမ္မတနိုင်ငံ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဟောင်း Mr. Chang Tae-Pyong နှင့် KOICA မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Ms. Kim Jin- Hua တို့အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ နှစ်နိုင်ငံ လယ်ယာကဏ္ဍ နည်းပညာပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

မစ္စ ဘရွန်တီ နာဒင်းမိုလက်စ်အား ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဒီဇင်ဘာ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စ မီရှဲလ် စူဝမ်ချန်း၏ နေရာတွင် မစ္စ ဘရွန်တီ နာဒင်းမိုလက်စ်အား ခန့်အပ်ရန် အဆိုပြုခြင်းကို သဘောတူညီလိုက်ပြီးဖြစ်သည်။

မစ္စ ဘရွန်တီ နာဒင်းမိုလက်စ်သည် ဩစတြေးလျနိုင်ငံ အမျိုးသားတက္ကသိုလ်တွင် ဝိဇ္ဇာဘွဲ့(ဂုဏ်ထူး)ရရှိခဲ့ပြီး ၁၉၉၀ ခုနှစ်တွင် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့သည်။ ၎င်းသည် ပြည်ပနိုင်ငံများနှင့် ဩစတြေးလျ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနတို့၌ ရာထူးအဆင့် အသီးသီးဖြင့် တာဝန်ထမ်းဆောင်ခဲ့ရာတွင် ၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဂျီနီဗာမြို့ရှိ ဩစတြေးလျနိုင်ငံဆိုင်ရာ လက်နက်ဖျက်သိမ်းရေးကိုယ်စားလှယ်အဖွဲ့ရုံး၌ တတိယအတွင်းဝန်နှင့် ပထမအတွင်းဝန်၊ ၁၉၉၆ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဩစတြေးလျနိုင်ငံခြားရေးရုံးဦးစီးဌာနဆိုင်ရာ ဆက်သွယ်ရေးအရာရှိ၊ ၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ ဩစတြေးလျ အဖွဲ့ရုံး၏ ပထမအတွင်းဝန်နှင့် သံမှူး၊ ၂၀၀၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံဆိုင်ရာ ဩစတြေးလျ မဟာမင်းကြီးရုံး ခေတ္တ ဒုတိယအကြီးအကဲ၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဝန်ကြီးအဆင့်နှင့် အလုပ်အမှုဆောင်အဆင့်ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဌာနခွဲ လက်ထောက်အတွင်းဝန်၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အလုပ်အမှုဆောင်၊ စီမံကိန်းနှင့် အကဲဖြတ်ရေးဌာနခွဲတို့တွင် လက်ထောက်အတွင်းဝန်နှင့် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ထိုင်းနိုင်ငံဆိုင်ရာ ဩစတြေးလျ သံရုံး၌ သံရုံးဒုတိယအကြီးအကဲအဖြစ် တာဝန်များ အသီးသီးထမ်းဆောင်ခဲ့သည်။ မစ္စ ဘရွန်တီ နာဒင်းမိုလက်စ်သည် ထိုင်းဘာသာနှင့် ပြင်သစ်ဘာသာစကားများကိုလည်း တတ်ကျွမ်းသူဖြစ်သည်။ (သတင်းစဉ်)

Trademarks and the Franchising Sectors ဆိုင်ရာ ဟောပြောဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံတွင် Trademarks and the Franchising Sectors နှင့် စပ်လျဉ်း၍ အသိပညာပြန့်ပွားစေရန် ရည်ရွယ်လျက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် World Intellectual Property Organization (WIPO)တို့ ပူးပေါင်း၍ "Trademarks and the Franchising Sectors" ဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်၊ WIPO မှ Deputy Director, Mr. Mansur Raza နှင့် ကုန်သည်စက်မှုအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့က အမှာစကား ပြောကြားကြသည်။

ဆွေးနွေးပွဲသို့ UMFCCI အသင်းဝင်ကုမ္ပဏီများမှ ဒါရိုက်တာများနှင့် ဝန်ထမ်းများ၊ ညီနောင်အသင်းများ၏ အသင်းဝင်ကုမ္ပဏီများမှ ဒါရိုက်တာများနှင့် ဝန်ထမ်းများ၊ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာများမှ အရာထမ်းများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ စုစုပေါင်း ၅၃ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၆-၁၂-၂၀၁၀)ရက်နေ့

၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွက်

(၉-၁-၂၀၁၁)ရက်နေ့ နှင့်

(၃၀-၁-၂၀၁၁)ရက်နေ့

သာယာမည်

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

၂၀၁၀ ခုနှစ် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

နာယကကြီး ဦးကျော်သန်း အမှတ်တရ ၂၀၁၀ ခုနှစ် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင် အားကစားသမားများသည် သတ်မှတ်နေရာများ၌ နေရာယူကြပြီး နာယကကြီး ဦးကျော်သန်း၏ မိသားစုက မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သို့ အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံ၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ၂၀၁၀ ခုနှစ် မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲ ပထမဦးဆုံးကစားကွက်ကိုရွှေ့ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲများကို စတင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Chinatown Point Center အသစ်ဖွင့်လှစ်ထားရှိ

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဘုန်းကြီးလမ်းထောင့်၌ Chinatown Point Center ကို ၂၀၁၀ ခုနှစ် ဇူလိုင်လမှစ၍ ဝန်ဆောင်မှုအသစ်များဖြင့် ပြန်လည်ပြင်ဆင်ဖွင့်လှစ်ထားရှိပြီး မြေညီထပ်မှ တတိယထပ်အထိ City Media Pharmacy / Seasons Bakery &Coffee Shop / J-Donut/ Diamond plus စိန်ရွှေရတနာဆိုင်၊ Cherry Oo နာရီဆိုင်၊ Mobile Star/ Tony & Guy Beauty Saloon ဆိုင်ခန်းများမှာ ပုံမှန်အတိုင်း ဖွင့်လှစ်ထားရှိပြီး Popular Bookstore/ City Baby Club နှင့် ကလေးကစားကွင်း၊ City Books & Music Center တို့မှာ တစ်မူထူးခြားသော အပြင်အဆင် ဝန်ဆောင်မှုများနှင့် ထပ်မံဖြည့်စွက်၍ ဈေးဝယ်သူများအတွက် စီစဉ်ထားသည်။

Singapore နိုင်ငံမှ Franchises ဖြစ်သော Popular Bookstore ၏ တတိယမြောက်ဆိုင်ခွဲကို Chinatown Point Center တွင် ဖွင့်လှစ်ထားရှိသည်။ Popular Bookstore တွင် စာရေးကိရိယာမျိုးစုံ၊ အင်္ဂလိပ်စာအုပ်စာပေမျိုးစုံ၊ စင်ကာပူသင်ရိုးညွှန်းတမ်း သင်ထောက်ကူပစ္စည်းများ၊ ရုံးသုံး၊ ကျောင်းသုံး၊ အိမ်သုံး စာရေးကိရိယာများလည်း စုံလင်စွာ ရရှိနိုင်သည်။

Popular Bookstore နှင့်အတူ City Books& Music Center တွင်လည်း မြန်မာစာပေနှင့် နိုင်ငံတကာ စာအုပ် စာပေများ၊ နိုင်ငံတကာ သီချင်းခွေများ၊ VCD များ၊ DVD ခွေများကို တစ်နေရာတည်းတွင် စုံလင်စွာ ရွေးချယ်ဝယ်ယူနိုင်ရန်လည်း ဖွင့်လှစ်ထားရှိသည်။

City Baby Club ကို Chinatown Point Center တွင် ပထမဆုံးဖွင့်လှစ်ပြီး ကိုယ်ဝန်ဆောင်မိခင်များ မဖြစ်မနေလိုအပ်သော အသုံးအဆောင်များ၊ မွေးကင်းစမှ ကျောင်းနေအရွယ် ကလေးများအတွက် တစ်နေရာတည်းတွင် အရည်အသွေးအကောင်းဆုံးပစ္စည်းများ စုစည်း၍ ဈေးနှုန်းချိုသာစွာဖြင့် ရွေးချယ်ဝယ်ယူနိုင်ပြီး ကလေးငယ်များလွတ်လပ်စွာ ဆော့ကစားနိုင်သော ကစားကွင်း တွဲလျက်ပါသည်။

သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့်ညီညွတ်မျှတသော အာဟာရသင့်တင့်မျှတစွာ ပါရှိသည့် အရသာရှိသော မုန့်မျိုးစုံ ရောင်းချပေးရန် Seasons Bakery ကို Chinatown Point Center ၏ မြေညီထပ်တွင် ဖွင့်လှစ်ထားရှိပြီး တတိယထပ်တွင်လည်း Seasons Bakery & Coffee Shop အနေနှင့် အင်တာနက် (WiMAX) ဝန်ဆောင်မှုနှင့်အတူ ဈေးဝယ်သူများ အေးဆေးစွာ နားနေစားသောက်နိုင်ရန် စီစဉ်ထားရှိသည်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၂-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓမ္မသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ကိုယ့်စိတ်ကိုယ်စစ်" တရားတော် (မြောက်ဦးဆရာတော်ဝနဝါသီ အရှင်ဝါယာမိန္ဒ)
- ၆း၃၅ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင်ဦးဇိနစေတီ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၃)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၀)**
- ၈း၄၀ Fashion Music Festival (Part-10)
- ၉း၁၀ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) ၏ စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၄/၂၀၁၀)
- ၉း၃၀ Science For All (အာကာသအမှိုက်နှင့် လေကြောင်းအန္တရာယ်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၉း၅၅ Activities In The City - အထက(၃)ထောက်ကြန့် မြတ်ဆရာပူဇော်ပွဲ -ပါရမီ၏(၁၁)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား
- ၁၀း၂၀ ရန်ကုန်မြင်ကွင်းကျယ် [စီးပွားရေးတက္ကသိုလ်၏ နှစ်(၄၀)ပြည့်ပတ္တမြားရတု]
- ၁၀း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၀၅ The Champion of Dance
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ Living with Technology Expo 2011, Yangon ၏ စာနယ်ဇင်းရှင်းလင်းပွဲ
- ၁၂း၂၀ အရွယ်မရွေးလှပစေဖို့. . .
- ၁၂း၃၅ ရန်ကုန်မြင်ကွင်းကျယ် (NIPPON CUP NOODLES မိတ်ဆက်ပွဲအခမ်းအနား)
- ၁၂း၅၀ တန်ဆောင်မုန်းအခါသမယ မဟာဘုံကထိန်လ
- ၁း၀၀ "ကိုယ့်စိတ်ကိုယ်စစ်" တရားတော် (မြောက်ဦးဆရာတော်ဝနဝါသီ အရှင်ဝါယာမိန္ဒ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၃)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၀)**
- ၄း၅၀ Corelens လက်စွပ်နှင့်ပတ်သက်သော စာနယ်ဇင်းရှင်းလင်းပွဲ
- ၅း၀၀ ဓာတ်ပုံထဲမှအမှတ်တရများ (ချစ်စနိုးဦး)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Activities In The City (KOICA မှပြုလုပ်ကျင်းပသော "World Friends Korea Conference")
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၄)**
- ၇း၂၀ Fashion Music Festival (Part-11)
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Redlink Communications Co.,Ltd. သို့ ISO 9001;2008 လက်မှတ်ပေးအပ်ပွဲအခမ်းအနား)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (စိတ်ကောက်တာကောင်းတယ်၊ စိတ်မကောက်တာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၁)**
- ၁၀း၁၀ အနုပညာမိုးကောင်းကင်
- ၁၀း၃၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ရင်ဘတ်ကြီးနဲ့ချစ်လိုက်မယ်"
- ၁၁း၀၀ ဆန်းသစ်တီထွင် COAT ဖက်ရှင် (အပိုင်း-၁)
- ၁၁း၂၀ ဘဝများ (R ဇာနည်)
- ၁၁း၅၀ ရသစုံစွာတေးအလင်္ကာ
- ၁၂း၁၀ Movie Mistakes (Commando)
- ၁၂း၂၅ နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
- ၁၂း၄၅ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ)(အပိုင်း-၁)
- ၁း၂၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)
- ၁း၂၅ ရင်သွေးငယ်များကြည့်ရှုစရာ Cartoon Animation ပုံပြင်စာအုပ်မှာ
- ၁း၅၅ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)
- ၂း၂၅ နေပြည်တော်ကမ္ဘောဇဘဏ်နှင့် ဘဏ်ခွဲများ၏ဝန်ဆောင်မှု လုပ်ငန်းများ
- ၂း၄၅ သာယာလှပတောင်ပေါ် ညောင်ရွှေမှ စမ်းသပ်အောင်မြင် ပုစွန်ကန်ရေပြင်
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ ကိုကိုနော်. . . ကိုကို (စိုင်းဟိန်း၊ နန်းဆုရတီစိုး) (ဒါရိုက်တာ-အဓိပတိ မောင်မောင်ဦး)
- ၄း၃၀ ငှက်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နျူလက်နက်ထိန်းချုပ်ရေးစာချုပ်သစ် အတည်ပြုရေး အောက်လွှတ်တော်ထောက်ခံမှု အမေရိကန်အစိုးရရရှိ

ဝါရှင်တန် ဒီဇင်ဘာ ၂၂ - ရုရှားနိုင်ငံနှင့် သဘောတူညီမှုရထားသည့် လက်နက်ထိန်းချုပ်ရေးစာချုပ်သစ် (စတာ့စ်) ကို အတည်ပြုရန်အတွက် လိုအပ်သော အောက်လွှတ်တော် ရီပတ်ဘလီကန်အမတ်များ၏ ထောက်ခံမဲများကို အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ဒီဇင်ဘာ ၂၁ ရက်တွင် ရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။



အမေရိကန်ပြည်ထောင်စု၏ တိုက်တန်-၁ တိုက်ချင်းပစ် နျူကလီးယားဒုံးပျံ အခြေစိုက်စခန်းတစ်ခု။

လက်နက်ထိန်းချုပ်ရေး စာချုပ်သစ်အရ ရုရှားနှင့် အမေရိကန်နိုင်ငံတို့သည် ၎င်းတို့အသီးသီးပိုင်ဆိုင်ထားသော နျူကလီးယားလက်နက်များကို အနည်းဆုံးအရေအတွက်အထိ လျှော့ချရမည်ဖြစ်ပြီး ယင်းလက်နက်များနှင့်ပတ်သက်၍ အပြန်အလှန် စစ်ဆေးမှုများကို နှစ်နိုင်ငံအကြားပြန်လည်စတင်နိုင်တော့မည်ဖြစ်သည်။

လက်နက်ထိန်းချုပ်ရေးစာချုပ်သစ် အတည်ပြုနိုင်ရန် ရီပတ်ဘလီကန်အမတ် ၁၁ ဦးက ဒီမိုကရက်တစ်လွှတ်တော်အမတ်များနှင့် လက်တွဲခဲ့ပြီးနောက် စာချုပ်အတည်ပြုရေးနှင့် ပတ်သက်သော အချေအတင် ငြင်းခုံမှုများကို ယနေ့ အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ရာ သမ္မတအိုဘားမားအနေဖြင့် ၎င်း၏ ဦးစားပေးနိုင်ငံခြားရေး မူဝါဒအောင်မြင်စေရန် ပါတီနှစ်ရပ်စလုံး၏ ထောက်ခံမှုကို ရယူနိုင်ခဲ့ပြီဟု ဆိုနိုင်သည်။

လက်နက်ထိန်းချုပ်ရေး စာချုပ်သစ်ကို အတည်ပြုရန်အတွက် အောက်လွှတ်တော်၏ ထောက်ခံမဲ သုံးပုံတစ်ပုံရရှိရန်လိုအပ်ပြီး ဒီမိုကရက်တစ်ပါတီအနေဖြင့် ရီပတ်ဘလီကန်အမတ် အနည်းဆုံး ကိုးဦး၏ ထောက်ခံမှုကိုရရှိရန် လိုအပ်သည်။

ရုရှားနိုင်ငံနှင့် ဆက်ဆံရေးပြန်လည်ထူထောင်ရာတွင် အဓိကအကျဆုံးကဏ္ဍအဖြစ် လက်နက်ထိန်းချုပ်ရေးဆွေးနွေးပွဲများကို သမ္မတအိုဘားမားအစိုးရက ပြုလုပ်ခဲ့ပြီး ယခုအတည်ပြုနိုင်တော့မည်ဖြစ်သော စတာ့စ် စာချုပ်သစ်သည် ရုရှားနှင့်အမေရိကန်အကြား အနာဂတ်ဆက်ဆံရေးအတွက် အရေးပါသည်ဟု ဆိုသည်။ **အေပီ။**

လွန်ခဲ့သော နှစ်သန်း ၂၀၀ ကျော်မှ ဂေဟဗေဒစနစ်တစ်ရပ် ပညာရှင်များတွေ့ရှိ

လိုပင် ဒီဇင်ဘာ ၂၂ - မြေကမ္ဘာသမိုင်းတွင် အဆိုးရွားဆုံးဖြစ်သော သတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်မှုကြီး ဖြစ်ပွားခဲ့ရပြီးနောက်ပိုင်းပေါ်ထွန်းခဲ့သည့် ရှေးခေတ်အဏ္ဏဝါဂေဟဗေဒစနစ်တစ်ရပ်၏ အကြွင်းအကျန်များကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း၌ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒီဇင်ဘာ ၂၂ ရက် သတင်းများတွင် ဖော်ပြသည်။

ယူနန်ပြည်နယ် လိုပင်ခရိုင်ရှိ တောင်ခြေရင်းတစ်ခု၌ တွေ့ရှိခဲ့ရသော ဆန်းပြားသည့် အသွင်အမျိုးမျိုးရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်း ၂၀၀၀၀ ကျော်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၂ သန်းခန့် ကာလက ကမ္ဘာမြေပေါ်မှ သတ္တဝါအများစု မျိုးသုဉ်းကွယ်ပျောက်ခဲ့ရပြီးနောက်ပိုင်း ဖြစ်ပေါ်ခဲ့သော ဂေဟဗေဒစနစ်တစ်ရပ်ဖြစ်သည်။

ယင်းကျောက်ဖြစ်ရုပ်ကြွင်း များထဲတွင် ခရုများ၊ သံပခြုပ်များ၊ ကင်းပုစွန်များနှင့် အတူ ichthyosaurs ဟုခေါ်သည့် အလျားလေးမီတာအထိ ကြီးထွားတတ်သော အသားစားငါးကြီးများလည်း ပါဝင်သည်။ ယင်းအပြင် သတ္တဝါများ မျိုးသုဉ်းမှုကာလက ရှားရှားပါးပါး ရှင်ကျန်ရစ်ခဲ့သော ကုန်းသတ္တဝါများနှင့် အပင်များ၏ ရုပ်ကြွင်းအပိုင်းအစများကိုလည်း တွေ့ရှိခဲ့ရသည်။

ကမ္ဘာမြေကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံအတွင်း အစုအပြုံလိုက် မျိုးသုဉ်းပျောက်ကွယ်မှုများကို ကြုံခဲ့ရသည်။ သို့ရာတွင် Permian-Triassic ဘူမိခေတ် (လွန်ခဲ့သောနှစ်ပေါင်း ၂၅၁ ဒသမ ၄ သန်း)က ကြုံတွေ့ခဲ့ရသော မျိုးသုဉ်းပျောက်ကွယ်မှုသည် အဆိုးရွားဆုံးဖြစ်သည်။

ထိုစဉ်က ကမ္ဘာမြေပေါ်ရှိ ရေနေသက်ရှိသတ္တဝါ ၉၆ ရာခိုင်နှုန်းနှင့် ကုန်းနေသက်ရှိ ၇၀ ရာခိုင်နှုန်းတို့သည် စုံးစုံးမြုပ်ကွယ်ပျောက်ခဲ့ရသည်။ **အင်တာနက်။**



အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဒီဇင်ဘာ ၂၂

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဒီဇင်ဘာ ၂၂ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၅၁၉ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၀၆၈၉ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၅၁၉ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၆၈၉ ဦး

အင်တာနက်။

အာဖဂန်နစ္စတန်၌ ယခုနှစ်အတွင်း ပြည်ပတပ်ဖွဲ့ဝင် ၇၀၁ ဦးသေဆုံး

ကဘူး ဒီဇင်ဘာ ၂၂ - အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ်အတွင်း နိုင်ငံတကာတပ်ဖွဲ့ဝင်များ သေဆုံးသူဦးရေ ၇၀၀ ကို ကျော်လွန်သွားပြီဖြစ်ကြောင်း အင်တာနက်ဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်စစ်သွေးကြွများကို တိုက်ခိုက်နေသော ညွန့်ပေါင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၇၀၁ ဦးသည် ယခုနှစ်အတွင်း သေဆုံးခဲ့ရကြောင်း ယင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် နေတိုးဦးဆောင်သောတပ်ဖွဲ့က စစ်ရေးမဟာဗျူဟာသစ်ကို ချမှတ်ကျင့်သုံးလျက်ရှိသည်ဟု အမေရိကန်သမ္မတဘာရက်အိုဘားမားက ထုတ်ပြန်ကြေညာခဲ့ပြီး ရက်ပိုင်းအကြာတွင် ညွန့်ပေါင်းတပ်ဖွဲ့မှ သေဆုံးသူဦးရေကို icasualtie.org အမည်ရှိ အင်တာနက်ဝက်ဘ်ဆိုက်၌ ဖော်ပြထားခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ပြည်ပတပ်ဖွဲ့ဝင်များ သေဆုံးရသည့်အနက် အများစုမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်ပြီး ဒုတိယအများဆုံးမှာ ဗြိတိန်တပ်ဖွဲ့ဝင်များဖြစ်သည်။ ယခုနှစ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၄၉၃ ဦးသေဆုံးပြီး ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၁ ဦး သေဆုံးခဲ့ရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ပြည်ပတပ်ဖွဲ့ဝင်အင်အားကို တိုးမြှင့်ခဲ့ပြီး စစ်ဆင်ရေးလုပ်ငန်းများကို ပိုမိုပြုလုပ်ခဲ့က တာလီဘန်တို့ ခိုအောင်းရာနေရာများကိုလည်း ပိုမိုချေမှုန်းနိုင်ခဲ့ကြောင်း နေတိုးတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။ **အေအက်ဖ်ပီ။**

သူလျှိုပြဿနာအရင်းခံ၍ ဗြိတိန်နှင့်ရုရှား သံတမန်များ အပြန်အလှန်နှင်ထုတ်

လန်ဒန် ဒီဇင်ဘာ ၂၂

သူလျှိုလုပ်ငန်းအရှုပ်အထွေးကို အရင်းခံ၍ ဗြိတိန်နိုင်ငံက ရုရှားသံတမန်တစ်ဦးကို နှင်ထုတ်ခဲ့ပြီးနောက် ရုရှားနိုင်ငံကလည်း ပြန်လည်လက်တုံ့ပြန်သည့်အနေဖြင့် ဗြိတိန်သံတမန်တစ်ဦးကို နှင်ထုတ်ခဲ့ကြောင်း ဒီဇင်ဘာ ၂၁ ရက် သတင်းများတွင်ဖော်ပြသည်။

ရုရှားထောက်လှမ်းရေးဌာနများက ဗြိတိန်၏အကျိုးစီးပွားများကို ထိပါးရာတွင် ပါဝင်ခဲ့ကြောင်း သက်သေထင်ရှားမှုကို တုံ့ပြန်သည့်အနေဖြင့် လန်ဒန်မြို့ရှိ ဗြိတိန်သံရုံးမှ သံအမှုထမ်းတစ်ဦးကို ဒီဇင်ဘာ ၁၀ ရက်တွင် ရုရှားနိုင်ငံသို့ပြန်ပို့ရန် တောင်းဆိုခဲ့ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟေ့ဂ်က ဒီဇင်ဘာ ၂၁ရက်တွင် ပြောကြားသည်။

ရုရှားနိုင်ငံကလည်း မော်စကိုမြို့ရှိ ဗြိတိန်သံရုံးမှ သံတမန်တစ်ဦးကို လက်တုံ့ပြန်သည့်အနေဖြင့် ဗြိတိန်နိုင်ငံသို့ ဒီဇင်ဘာ ၁၆ရက်တွင် ပြန်လည်ထွက်ခွာရန် ပြောကြားခဲ့ကြောင်း ဝီလျံဟေ့ဂ်က ဆိုသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရုရှားအစိုးရနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့က မှတ်ချက်ချပြောဆိုရန် ငြင်းပယ်ခဲ့သည်။

၂၀၀၆ခုနှစ်က ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ရုရှားထောက်လှမ်းရေးသမားဟောင်း အလက်ဇန္ဒားလစ်ဗင်နင်ကို အဆိပ်မိသေဆုံးခဲ့ရပြီးနောက် ဗြိတိန်နှင့်ရုရှားအကြား နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့ရသည်။ ယင်းဖြစ်စဉ်၏ အဓိကလက်သည်အဖြစ် ဗြိတိန်က သံသယရှိသူ ကေဂျီဘီအရာရှိဟောင်း အန်ဒရီလူဂိုဗိုင်းကို ဗြိတိန်သို့ လွှဲပြောင်းပေးရန် ရုရှားကငြင်းဆိုခဲ့သည်။ **အင်တာနက်။**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၂

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၂၂ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၄၅၆၁ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၅၂၆၉ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၅၆၁ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၅၂၆၉ ဦး

အင်တာနက်။

ဘာလင်တံတိုင်းဖြိုချပြီးနောက် ရော်နယ်လ်ရေဂင်အထိမ်းအမှတ်ကျင်းပရေး ဘာလင်မြို့တော်၌ အငြင်းပွားနေ

ဘာလင် ဒီဇင်ဘာ ၂၂

ဂျာမနီနိုင်ငံ ဘာလင်မြို့တော်ကို နှစ်ပိုင်းခြားထားသော ဘာလင်တံတိုင်းအား ဖြိုဖျက်ရန် ဆိုဗီယက်ပြည်ထောင်စုကို တိုက်တွန်းနိုင်ခဲ့သည့် မိန့်ခွန်းတစ်ရပ်အား ၁၉၈၇ ခုနှစ်တွင် ပြောကြားခဲ့သည့် သမ္မတဟောင်း ရော်နယ်ရေဂင်ကို ဂုဏ်ပြုသင့်၊ မသင့် ဘာလင်မြို့တော်၌ အငြင်းပွားလျက်ရှိကြောင်း ဒီဇင်ဘာ ၂၂ ရက်သတင်းများတွင် ဖော်ပြသည်။

ဂျာမန်ကာကွယ်ရေးဝန်ကြီး ကားလ်သီအိုဒိုဇူဂူတင်ဘတ်ဂ်က လာမည့်နှစ် ဖေဖော်ဝါရီလတွင် ကျရောက်မည့်ရော်နယ်ရေဂင်အသက် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ်ပွဲကို ကျင်းပရန် ငြင်းဆိုခဲ့သည့် ဘာလင်မြို့တော်အုပ်ချုပ်ရေးအဖွဲ့ကို ဝေဖန်ခဲ့သည်။

လက်ရှိကာလတွင် ဘာလင်မြို့တော်အား ၁၉၆၁ ခုနှစ်၌ ဘာလင်တံတိုင်းကို တည်ဆောက်ခဲ့သော ဂျာမနီဆိုရှယ်လစ်ညီညွတ်ရေးပါတီမှ အသွင်ပြောင်းလာသည့် ဂျာမနီဆိုရှယ်ဒီမိုကရက်တစ်ပါတီက အုပ်ချုပ်လျက်ရှိသည်။

ဘာလင်တံတိုင်း မဖြိုဖျက်မီ နှစ်နှစ်အလို ၁၉၈၇ ခုနှစ်တွင် အမေရိကန်သမ္မတဟောင်းရော်နယ်ရေဂင်က ဆိုဗီယက်ခေါင်းဆောင် မီခေးလ်ဂေါ်ဘာချော့ဗ်ကို ဘာလင်တံတိုင်းအား ဖြိုချရန် တိုက်တွန်းခဲ့သော မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ဖူးသည်။

ဘာလင်တံတိုင်းကို မြှင့်တင်တည်ဆောက်နေသော အရှေ့ဂျာမနီတပ်ဖွဲ့ဝင်များကို ၁၉၆၁ ခုနှစ်ကတွေ့ရစဉ်။

ဘာလင်တံတိုင်း၏ အနောက်ဂျာမနီဘက်အခြမ်းတွင် သမ္မတ ရေဂင် ၁၉၈၇ ခုနှစ်က မိန့်ခွန်းပြောကြားစဉ်။

အမေရိကန်သမ္မတဟောင်း ရော်နယ်ရေဂင်သည် လက်ဝဲဝါဒီများ လွှမ်းမိုးရာ ဘာလင်မြို့တော်၌ အငြင်းပွားဖွယ် ပြယုဂ်အဖြစ် ကျန်ရစ်ဆဲဖြစ်ပြီး ၎င်းအား အမှတ်တရဂုဏ်ပြုမှုဟူ၍ ယင်းမြို့တော်၌ မရှိသေးပေ။ **အမ်အင်အေ၊ ရိုက်တာ။**

ဝန်ကြီး ဦးသိန်းဆွေ ရန်ကုန်မြစ် ရေလမ်းကြောင်းတစ်လျှောက် သောင်တူးဖော်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်းမှ သမီးလှရေယာဉ်ဖြင့် ပန်းဆိုးတန်းဆိပ်ကမ်း၊ ဗိုလ်အောင်ကျော်ဆိပ်ကမ်းနှင့် ဗိုလ်တထောင်ဆိပ်ကမ်းတို့၌ ပြည်တွင်းသွားရေယာဉ်များ၊ နိုင်ငံခြား သင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နေမှု၊ ကုန်ပစ္စည်းများ တင်၊ ချဆောင်ရွက်နေမှု၊ ရန်ကုန်မြစ်အတွင်း ရေယာဉ်များ ပြေးဆွဲခုတ်မောင်း သွားလာနေမှု၊ ရေကြောင်းအချက်ပြမီးများ တပ်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ရတနာသိခ်ိ သောင်တူးရေယာဉ်ပေါ်သို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေနှင့် တာဝန်ရှိသူများက ရန်ကုန်မြစ်ကြောင်း တစ်လျှောက် ရေလမ်းကြောင်း ကောင်းမွန်စေရေးအတွက် သောင်တူး ဖော်နေမှုအခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးသည် သောင်တူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ရေယာဉ်ဧည့်ခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူးက ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းတို့သို့ အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဝင်၊ ထွက်ရာ ရေလမ်းကြောင်းအခြေအနေ၊ စီမံကိန်း စက်သုံးဆီများရရှိမှုနှင့် သုံးစွဲမှု အခြေအနေ၊ အတွင်းစည်းခုံနှင့် အပြင်စည်းခုံသောင်တူးခြင်း၊ သောင်တူး သောင်စုပ်ရေယာဉ်များ၏ ကြံ့ခိုင်မှုစွမ်းအားအခြေအနေ၊ သန်လျက်စွန်း ရေလမ်းကြောင်း၌ အခြေခံရေအနက် ရရှိမှု အခြေအနေ၊ အပြင်စည်းခုံ ရေလမ်းကြောင်းအခြေအနေ၊ ဆိပ်ခံတံတားများရှေ့ ရေဒေသတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျားပါးစပ်သောင်တူး ရေယာဉ်များဖြင့် သောင်တူးဖော်နေမှု၊ နှစ်ခြမ်းစပ်မြေခံ ရေယာဉ်များဖြင့် သောင်တူးဖော်နေမှုနှင့် ပင်လယ်ကူး သင်္ဘောကြီးများ ဆိပ်ကမ်းများသို့ အန္တရာယ်ကင်းရှင်းစွာ ဝင်၊ ထွက်သွားလာ ဆိုက်ကပ်နိုင်ရေး၊ ရေအနက်ရရှိရေး အတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို လည်းကောင်း၊ အထွေထွေမန်နေဂျာက အပြည်ပြည် ဆိုင်ရာ သင်္ဘောကြီးများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ရေကြောင်းလမ်းညွှန်အချက်ပြ ကိရိယာများ သတ်မှတ်နေရာများ၌ တပ်ဆင်ထား ရှိမှု အခြေအနေများကို လည်းကောင်း ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ရန်ကုန်မြစ်ကြောင်း တစ်လျှောက် သောင်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တင်ပြချက်များအပေါ် ဝန်ကြီးက သတ်မှတ်ရေအနက် ရရှိစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်သွားရန်၊ ရေယာဉ် အန္တရာယ်ကင်းရှင်းရေးအတွက် ရေလမ်းကြောင်းပြကိရိယာများအား မပြတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားရန်၊ စက်သုံးဆီများ အလေအလွင့်မရှိစေရေး အတွက် တာဝန်ရှိသူများက ကြပ်မတ် ဆောင်ရွက်သွားကြရန်တို့ကို အလေး ထားမှာကြားပြီး ရတနာသိခ်ိ ရေယာဉ် သောင်တူးဖော်နေမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်)၌ ကျင်းပသည့် နိုင်ငံတကာ စာတမ်းဖတ်ပွဲတွင် Dr. Elizabeth Moore က ''Shwegugyi Temple, KyaukSe: The wider boundaries of Bagan Art'' စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)၌ နိုင်ငံတကာစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနနှင့် သမိုင်းသုတေသန ဦးစီးဌာနတို့ပူးပေါင်း၍ ''Perspectives on Buddhism in Myanmar'' ခေါင်းစဉ်ဖြင့် နိုင်ငံတကာ စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ သရေခေတ္တရာမြို့ဟောင်းရှိ ရှေးဟောင်းသုတေသန နည်းပညာ သင်တန်းကျောင်း (ပြည်) ၌ ကျင်းပသည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ပြည်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ပြည်)နှင့် ကွန်ပျူတာ တက္ကသိုလ်(ပြည်)တို့မှ ပါမောက္ခချုပ်များ၊ ပြည်ပမှ စာတမ်းရှင်များနှင့် လေ့လာသူများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ စာတမ်းရှင်များနှင့် လေ့လာသူများ၊ သုတေသီများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် ညနေ ၃ နာရီတွင် ကျင်းပရာ ရှေးဦးစွာ သမိုင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက အဖွင့်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို စတင် ကျင်းပရာ အလှည့်ကျ သဘာပတိများ အဖြစ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ သာသနာရေးဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သိန်းညွှန့် တို့က ဆောင်ရွက်ကြသည်။

ပထမနေ့ စာတမ်းဖတ်ပွဲတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်)မှ ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်က "A Long Standing Pottery Tradition, with the Sustainability in Danger" စာတမ်းကိုလည်းကောင်း၊ သမိုင်းသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိန်မြင့်က " The Spread of Buddhism and attempts of King Dhammaceti in Lower Myanmar 15th Century A.D" စာတမ်းကိုလည်းကောင်း၊ Dr. Elizabeth Moore က "Shwegugyi Temple, KyaukSe: The wider boundaries of Bagan Art" စာတမ်းကို လည်းကောင်း၊ သမိုင်းသုတေသန ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းက "Evidences of Buddhism found from Old Ancient Cities' Sites in Myanmar" စာတမ်းကို လည်းကောင်း ဖတ်ကြားကြပြီး ပထမနေ့အစီအစဉ်ကို ရပ်နားသည်။

ထို့နောက် စာတမ်းဖတ်ပွဲ ဒုတိယနေ့ အဖြစ် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးညွှန့်က " Buddhist Architecture and its Conservation" စာတမ်းကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံ အာသံတက္ကသိုလ် သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ Mr. Vinay Kumar က "Depiction of Nibbana Scenes Comparative Study Between India and Myanmar" စာတမ်းကိုလည်းကောင်း၊ ရှေးဟောင်းသုတေသန၊ အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက " Cultural Context of Buddhist Relic-Casket"စာတမ်းကိုလည်းကောင်း၊ ထိုင်းနိုင်ငံ Ministry of Culture မှ အကြံပေးအရာရှိ Mrs. Savitri Suwansathit က"The Shwedagon: Some Perspectives on its Tangible and Intangible Buddhist Heritage and its Universal Significance" စာတမ်းကို လည်းကောင်း၊ စင်ကာပူနိုင်ငံ Asian Civilization Museum မှ ပြတိုက်မှူး Ms.Heidi Tan က "Collections of Buddhistic Artifacts of Asian Civilization Museum" စာတမ်းကို လည်းကောင်း ဖတ်ကြားကြသည်။

ဖတ်ကြားတင်သွင်းသွားသော စာတမ်းများနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသော ပညာရှင်များ၊ သုတေသီများ၊ ဧည့်သည်တော်များက ဆွေးနွေးအကြံပြု မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြပြီး စာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးကြကာ ညနေပိုင်းတွင် စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။

ပြည်ပစာတမ်းရှင်များနှင့် သဘာပတိအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် သရေခေတ္တရာ မြို့ဟောင်းအတွင်းရှိ ဘောဘောကြီးစေတီ၊ လေးမျက်နှာဂူဘုရား၊ ဘဲဘဲဂူဘုရား၊ ဘုရားထောင်ဂူဘုရား၊ အရှေ့ဈေးဂူ၊ အနောက်ဈေးဂူနှင့် တူးဖော်ပြီး ကုန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မသန်စွမ်းသူများအတွက် အခမဲ့ကွန်ပျူတာသင်တန်း ဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားရေး စီမံချက်အရ မသန်စွမ်းလူငယ်များအား ကွန်ပျူတာ သင်တန်းကို အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ နဝမအကြိမ်မြောက် သင်တန်းကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ယင်းသင်တန်းသို့ တက်ရောက်လိုသူ မသန်စွမ်းလူငယ်များသည် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးခန်းအမှတ် (၇၉၇) အခန်း (၁၀၄-ဘီ) ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်) မြန်မာ့အလှတာဝါ (၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၅၉၃၉၊ ၂၂၂၉၂၃၊ ၀၉-၅၀၀၃၇၂၅နှင့် ၀၉-၅၀၄၂၆၂၀ တို့သို့ ဒီဇင်ဘာ ၂၅ ရက်နောက်ဆုံးထား၍ လျှောက်လွှာများ တင်သွင်းနိုင်ကြောင်းနှင့် အထောက်အကူပြုပစ္စည်း ရလိုသူများအနေဖြင့်လည်း အဆိုပါရုံးခန်းသို့ လာရောက်လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ရက္ခပေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရက္ခပေဒဘွဲ့ရ (၁၉၆၇-၂၀၁၀) ကျောင်းသား၊ ကျောင်းသူများက အသက် (၆၄) နှစ်ပြည့်ပြီးသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ပညာသင်နှစ်အသီးသီးမှ ရက္ခပေဒဘွဲ့ရကျောင်းသား၊ ကျောင်းသူများ မြတ်ဆရာပူဇော်ပွဲ အလှူငွေနှင့် ပစ္စည်းများကို ရန်ကုန်တက္ကသိုလ် ရက္ခပေဒဌာန ဖုန်း-၅၃၅၀၃၀၊ ဒေါက်တာဗေဒါ ဖုန်း-၀၉-၅၂၀၁၂၇၆၊ ဒေါ်သန်းဆွေလင်း ဖုန်း-၀၉-၅၀၂၁၈၀၇၊ ဒေါ်လှလှရီ ဖုန်း-၈၀၂၄၁၀၇၊ ဒေါ်ကြည်ကြည်အေး ဖုန်း-၆၄၃၅၁၄၊ ဦးခင်လတ် ဖုန်း-၅၀၃၈၉၅၊ ဒေါ်ကုရင်မြင့် ဖုန်း-၀၉-၅၁၄၈၂၂၊ ၀၉-၅၁၄၆၆၂၇၊ ဒေါ်ခင်သိန်း ဖုန်း-၀၉-၅၀၁၀၈၅၆၊ ဒေါ်လှလှတင် ဖုန်း-၀၉-၅၀၇၂၂၃၄၊ ဦးမျိုးအောင် ဖုန်း-၇၃၁၁၅၁၁၆၊ ၈၀-၃၄၇၁၉၊ ဦးကျော်ဝင်း ဖုန်း-၀၉-၉၉ ၂၂၃၄၆နှင့် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေး ကော်မတီဝင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

၂၀၁၀ ခုနှစ် အကောင်းဆုံးမြန်မာအိုင်တီများ ထုတ်ပြန် ၂၀၁၀ အိုင်စီတီစစ်တမ်းရလဒ်များ ရှင်းလင်းတင်ပြ

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် Novel Light Media Ltd. တို့ ပူးပေါင်းပြုလုပ်သည့် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ အိုင်စီတီစစ်တမ်း ကောက်ယူရရှိမှု အခြေအနေများနှင့် အိုင်စီတီ စစ်တမ်းရလဒ်များ သုံးသပ်တင်ပြခြင်း အခမ်းအနားကို ဒီဇင်ဘာ၆ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များ (လှိုင်နယ်မြေ)ရှိ မြန်မာအင်ဖိုတက်ခ် အစည်းအဝေးခန်းမ (၂၀၅)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် Working group ကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ကျော်မိုး တို့က အဖွင့်အမှာစကား ပြောကြားကြပြီး Novel Light Media Ltd. မှ တာဝန်ရှိသူတစ်ဦးက ၂၀၁၀ အိုင်စီတီစစ်တမ်း ကောက်ယူခဲ့ပုံနှင့် အိုင်စီတီစစ်တမ်း ကောက်ယူချက်များအရ မြန်မာနိုင်ငံ အိုင်စီတီအချက်အလက်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ၂၀၁၀ခုနှစ် အိုင်စီတီစစ်တမ်း အရ ထွက်ပေါ်လာသော စားသုံးသူ ရွေးချယ်မှု ရလဒ်ကောင်းများရရှိခဲ့သည့် မြန်မာကွန်ပျူတာအဖွဲ့အစည်းများကို ဥက္ကဋ္ဌ ဦးသောင်းတင်က အမှတ်တရတံဆိပ်နှင့် လက်မှတ်များ ပေးအပ်သည်။ ထို့နောက် အိုင်စီတီစစ်တမ်း ကောက်ယူမှုတွင် ပါဝင်ဖြေဆိုခဲ့ကြသူများထဲမှ ကံထူးရှင် ၃၄ ဦးကို ကွန်ပျူတာများ၊ ပရင်တာများ၊ လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ယနေ့ပြုလုပ်သော မြန်မာအိုင်စီတီ စစ်တမ်းရလဒ်များ ရှင်းလင်းတင်ပြခြင်းသည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ပြီးခဲ့သည့် အောက်တိုဘာတွင် ပြုလုပ်ခဲ့သော မြန်မာကွန်ပျူတာပြပွဲတွင် ကောက်ယူခဲ့ခြင်းဖြစ်သည်။ ၂၀၁၀ မြန်မာအိုင်စီတီ စစ်တမ်းအရ ထွက်ပေါ်လာသော စားသုံးသူ ရလဒ်ကောင်းများ ရရှိခဲ့သည့် အိုင်စီတီ ထုတ်ကုန်များမှာ brand အလိုက် သုံးစွဲသူ အများဆုံး၊ အရောင်းရဆုံးရွေးချယ်ခံရမှု အဖြစ် လက်ပ်တော့ ကွန်ပျူတာတွင် Acer ကွန်ပျူတာကလည်းကောင်း၊ UPS တွင် Power Tree UPS က လည်းကောင်း၊ မော်နီတာတွင် View Sonic မော်နီတာ က လည်းကောင်း၊ အင့်ဂျက်ပရင်တာတွင် EPSON ပရင်တာက လည်းကောင်း၊ စာဖတ်သူအများဆုံး အိုင်တီဂျာနယ်တွင် အင်တာနက်ဂျာနယ်က လည်းကောင်း အသီးသီးရွေးချယ်ခံရသည်။

ထို့အတူ ကွန်ပျူတာဝယ်ယူသုံးစွဲသူ အများဆုံး အရောင်းစင်တာအဖြစ် KMD Sale Centre က လည်းကောင်း၊ ကွန်ပျူတာ ထိန်းသိမ်းပြုပြင်ရေးတွင် Technoland Computer Centre က လည်းကောင်း၊ အများဆုံး သဘောကျနှစ်ခြိုက်သည့် ကွန်ပျူတာသင်တန်းကျောင်းအဖြစ် KMD Training Centre ကလည်းကောင်း အသီးသီးရွေးချယ်ခံရသည်။ ၂၀၁၀ ခုနှစ် မြန်မာကွန်ပျူတာ စစ်တမ်းအရ အကောင်းဆုံးကွန်ပျူတာ ထုတ်ကုန်များ၊ အဖွဲ့အစည်းများအဖြစ် ရွေးချယ်ခံရသူများကို ဥက္ကဋ္ဌ ဦးသောင်းတင်က အမှတ်တရ လက်ဆောင်များနှင့် လက်မှတ်များပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနေ ဒေါ်အုန်းကြည် (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နိုင်ငံတော်နှင့် ပြည်သူ့အကျိုး အစဉ်သယ်ပိုးထမ်းဆောင်မည် သမားဇာနည် အောင်စစ်သည်

မောင်မောင်ထွေး(သတင်းစဉ်)

ဒီနှစ် ဒီဇင်ဘာ၏ အေးမြမှုကား ခါတိုင်းနှင့်မတူ ပို၍အေးမြလှပါဘိသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နောင်တစ်ခေတ်၏ အောင်စစ်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အနွေးလျှောက်၊ အမြန်လျှောက် ချီတက်အလေးပြုနေသည့် မြင်ကွင်းကို TV ဖန်သားပြင်မှ တစ်ဆင့် ကြည့်ရှုမိသည့်အခိုက်တွင်မူ ဇာတိသွေးဇာတိမာန်တို့ကြောင့် နှလုံးသွေးတို့သည် နွေးထွေးလာသည်။

ဒီဇင်ဘာလအတွင်း စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၃) သင်တန်းဆင်းပွဲနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၁၃) သင်တန်းဆင်းပွဲတို့ကို ခမ်းနား သိုက်မြိုက်စွာ ကျင်းပခဲ့ပေသည်။

ဆက်လက်၍ ယခုရက်ပိုင်းအတွင်းမှာပင် "သမားဇာနည် အောင်စစ်သည်" တို့၏ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၁၂)သင်တန်းဆင်းပွဲကိုလည်း ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပေတော့မည်။

"သမားဇာနည်အောင်စစ်သည်" တို့ မွေးထုတ်ပေးရာ တပ်မတော် ဆေးတက္ကသိုလ်ကို ၁၉၉၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်နေ့တွင် စတင် ဖွင့်လှစ်ခဲ့ရာ ယခုဆိုပါလျှင် (၁၈)နှစ်သက်တမ်းသို့ပင် တိုင်ခဲ့ချေပြီ။

တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများကို ၁၉၉၉ ခုနှစ်ကစ၍ နှစ်စဉ်မွေးထုတ်ပေးလျက်ရှိရာ ယနေ့ဆိုပါလျှင် တပ်မတော်ဆေးတက္ကသိုလ်မှ မွေးထုတ်ပေးခဲ့သော ဆေးသိပ္ပံပညာရှင် အရာရှိများသည် ခြေလျင်၊ ခြေမြန်တပ်မများရှိ တိုက်ပွဲဝင်စစ်သည်များ နှင့်အတူ လက်တွဲပြီး ဆေးအကာအကွယ်ပေးရေးတာဝန်များကို ရှေ့တန်းကျကျထမ်းဆောင်ကာ အစဉ်အလာကောင်းများကို ဆက်လက် သယ်ပိုးဆောင်ရွက်လျက် ရှိကြပေသည်။

တပ်မတော်ဆေးတက္ကသိုလ်တွင် (၆)နှစ်တာ ပညာဆည်းပူးလေ့ကျင့်ပြီးနောက် ဆေးပညာဘွဲ့ M.B.,B.Sဘွဲ့ရှင် တပ်မတော်ဆရာဝန်များသည် ပါရဂူဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ တော်ဝင်ခွဲစိတ်ပါရဂူဘွဲ့ စသည်ဖြင့် ဆက်လက်ဆွတ်ခူးရရှိကြပြီး နိုင်ငံတော်နှင့် တပ်မတော်ကို အလုပ် အကျွေးပြုလျက်ရှိကြပေပြီ။

ပြည်သူ့ကြားက ပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းထမ်းဆောင်လျက် ရှိကြပေပြီ။

တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ ပြည်သူ့အကျိုး အတွက် ကိုယ်ကျိုးစွန့် အနစ်နာခံပြီး စေတနာအပြည့်ဖြင့် ဆောင်ရွက်ခဲ့ကြသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များကလည်း စိတ်အတွေးဝယ် တရေးရေး ပေါ်လာပြန်သေးသည်။

၂၀၀၈ ခုနှစ် မေလဆန်းပိုင်း။ သမိုင်းတွင်အောင် ဆိုးရွားကြမ်းတမ်းသည့် နာဂစ်မုန်တိုင်းကြီးတိုက်ခတ်စဉ်ကာလနှင့် သမိုင်းကမ္ပည်းမှတ်တမ်းရေးထိုးလောက်သည့် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ကြိုးပမ်း ဆောင်ရွက်မှုကာလ။

ထိုကာလအတွင်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ကိုယ့်ရိက္ခာကိုယ်စား၊ ကိုယ့်ဆေးကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်ဖောက်ကာ အစွန်အဖျား ဒေသများအရောက် ဒေသခံပြည်သူများ၏ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုလုပ်ငန်းများကို နေ့ညမနား ဆောင်ရွက်ခဲ့ကြသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသည်။

ထိုစဉ်က မုန်တိုင်းသင့်ဒေသများအတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သတင်းနှင့် ဆောင်းပါးများရေးသားရန် ကိုယ်တိုင်ကိုယ်ကျ ကွင်းတော်သွားရောက်ခဲ့ဖူး၏။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တို့၏ အရေးပေါ်ဆေးရုံ၊ ဆေးခန်းများသို့လည်း သွားရောက်လေ့လာ မှတ်တမ်းတင်ခဲ့၏။ နယ်လှည့်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များနှင့်အတူ မုန်တိုင်းသင့်ဒေသတစ်ခွင် လိုက်ပါမှတ်တမ်းတင်ခဲ့၏။

ဘိုကလေးမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာသို့ အရောက်တွင် ငုတ်စူး၍ ဒဏ်ရာရရှိနေသော ရှင်သာမဏေတစ်ပါးအား ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များက ပြုစုစမ်းသပ်ရင်း ဒဏ်ရာစိုးရိမ်ရ၍ ဘိုကလေးမြို့ပေါ်ရှိ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ အရေးပေါ်ဆေးရုံသို့ မော်တော်ဖြင့် တစ်ပါတည်း ချက်ချင်းပင့်ဆောင်ပြုစုကုသပေးခဲ့သည့် မြင်ကွင်းကိုလည်း ယခုတိုင် မှတ်မိသေးသည်။

သို့ကလို ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို "စေတနာ၊အကြင်နာ၊ ဘေးကင်းကွာ" ဆောင်ပုဒ်နှင့်အညီ အားသွန်ခွန်စိုက် ကြိုးပမ်းစောင့်ရှောက်ကုသပေးမှုကြောင့် ပြည်သူလူထုတို့က ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအပေါ် များစွာအားကိုးအားထား ပြုကြ၏။

အနိမ့်ဆုံး နှာစေးချောင်းဆိုးဝေဒနာကအစ လာရောက် ပြသကြ၏။ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကလည်း စားချိန်မမှန်၊ အိပ်ချိန်မမှန် အောင်အလုပ်များနေသည့်ကြားက မိဘပြည်သူများ စိတ်ကျေနပ်မှု ပြည့်ဝစေရေးအတွက် နှာစေးချောင်းဆိုးကအစ ပြုစုကုသပေးကြ၏။ ပြင်းထန်သော ရောဂါဝေဒနာရှင်များကိုလည်း ရန်ကုန်မြို့ရှိ တပ်မတော် ဆေးရုံကြီးများသို့ အရောက်တင်ပို့၍ ဆက်လက်ကုသပေးခဲ့ကြ၏။

သဘာဝဘေးဒဏ်သင့်သည့် ဒေသများတွင် တွေ့ကြုံရတတ်သည့် နောက်ဆက်တွဲ ကပ်ရောဂါဆိုးများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှု ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့် အတူ ပူးပေါင်း၍ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ပြောင်မြောက်စွာ ပါဝင် ဆောင်ရွက်ခဲ့ကြ၏။

ပြည်သူလူထုအပေါ် စေတနာ၊ မေတ္တာ၊ အကြင်နာတရား နွေးထွေးစွာဖြင့် တပ်မတော်၏ သစ္စာတရား သဘောထားကို သက်သေပြခဲ့သည်မှာ ဧရာဝတီတွင် သမိုင်းတည်လျက်ရှိခဲ့ပေသည်။

ယခုရက်ပိုင်းအတွင်း တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပပေတော့မည်။ "သမားဇာနည် အောင်စစ်သည်" တို့၏ ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကိုလည်း ဂုဏ်ယူဝမ်းမြောက်ဖွယ် မြင်တွေ့ရပေဦးမည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးနှင့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ကြီး တည်ဆောက်နေသည့် မျက်မှောက်ခေတ်သမိုင်းဝယ် စစ်ဘက်ခေါင်းဆောင်ငယ်များအဖြစ် ပါဝင်ခွင့်ရရှိခြင်းသည်သူတို့အတွက် ကြီးမြတ်သော ဆုထူးဆုမြတ်ဒုလ္လဘ တစ်ရပ်ဖြစ်ပေသည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ အကျိုး ကို သယ်ပိုးထမ်းဆောင်ခွင့်ရခြင်းသည်ပင်လျှင် ကြီးမြတ်သော ဆုလာဘ်ထူး တစ်ရပ်မည်ပေ၏။

ချီလေသည့်တပ်မတော်သည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်လျက် ချီလေတဲ့ချီလေ၊ ညီစေတဲ့ညီစေ၊ ရှေ့သို့ ချီတက်နေမြဲပင်။

ချီလေတဲ့ချီလေ၊ အစဉ်နှုပျိုနေသော တပ်မတော်တွင် သမိုင်းပေး တာဝန်တစ်ရပ်အဖြစ် ဆက်လက်ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် "သမားဇာနည် အောင်စစ်သည်"တို့သည် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရင်း ရောက်ရာဒေသတွင် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်မှုများကို ဆက်လက် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ၊ တပ်မတော်၏အစဉ်အလာနှင့် အညီ ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များကို ဆတက်ထမ်းပိုး ထမ်းဆောင် နိုင်ကြပါစေ၊ ပြည်သူ့မေတ္တာခြုံ၍ လုံပါစေဟု ဆုမွန်ကောင်းတောင်းရင်း "သမားဇာနည် အောင်စစ်သည်"တို့အား ဂုဏ်ပြုလိုက်ရပါသည်။ ။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးနှင့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီ မျိုးချစ်တပ်မတော်ကြီး တည်ဆောက်နေသည့် မျက်မှောက်ခေတ်သမိုင်းဝယ် စစ်ဘက်ခေါင်းဆောင်ငယ်များအဖြစ် ပါဝင်ခွင့်ရရှိခြင်းသည် သူတို့အတွက် ကြီးမြတ်သော ဆုထူးဆုမြတ်ဒုလ္လဘတစ်ရပ် ဖြစ်ပေသည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ အကျိုးကို သယ်ပိုးထမ်းဆောင်ခွင့် ရခြင်းသည်ပင်လျှင် ကြီးမြတ်သော ဆုလာဘ်ထူးတစ်ရပ် မည်ပေ၏။

အားမာန်ဝင့်ချီ ရှေ့သို့ရည်

☆ အမိနိုင်ငံ၊ အောင်မြေမှန်တွင်
ရှင်သန်ဝင့်ကြွား၊ သော်တာလားသို့
စွမ်းအားစုံညီ၊ အောင်စစ်သည်တို့
တည်ကြည်လေးနက်၊ အားမာန်ဖက်ကာ
ဆေးဘက်ပညာ၊ စစ်ပညာကို
စာတွေ့လက်တွေ့၊ မှတ်သားလေ့လာ
နည်းနာကျကျ၊ ဆည်းပူးကြသည်
ထူးမြတ်ဂုဏ်ရည်၊ သမားဇာနည်၊ အောင်စစ်သည်။

☆ သမားလူမွန်၊ လူရည်ချွန်တို့
ကျေပွန်ဆပွား၊ မေတ္တာထားကာ
လုပ်အားသယ်ပိုး၊ တိုင်းပြည်ကျိုးကို
ကိုယ်ကျိုးမဖက်၊ ထမ်းဆောင်ရွက်မည်
သမားဇာနည်၊ အောင်စစ်သည်။

☆ သမားလူတော်၊ ပွဲတိုင်းကျော်တို့
ရဲဘော်သွေးသောက်၊ ရှေ့တန်းရောက်သော်
တပ်မတော်ဂုဏ်ရောင်၊ ထွန်းလင်းပြောင်ဖို့
သားမောင်စစ်သည်၊ စွမ်းရည်သုံးရပ်
ဇွဲစိတ်ဓာတ်ဖြင့်၊ သတ္တိခွန်အား၊ လေ့ကျင့်ထားသည်
သမားဇာနည်၊ အောင်စစ်သည်။

☆ ခြောက်နှစ်ကာလ၊ ပြီးဆုံးကြကာ
ပညာပြည့်ဝ၊ နှလုံးလှမြတ်
သေနတ်လည်းကိုင်၊ အပ်လည်းကိုင်ပြီး
နိုင်ငံကိုချစ်၊ လူမျိုးချစ်၍
တွင်ရစ်သမိုင်း၊ ပြည်သူတိုင်းကို
ကြင်နာပိုကာ၊ စေတနာဖြင့်
ကျန်းမာသက်ရှည်ရေး၊ စောင့်ရှောက်ပေးလတ်
တပ်မတော်ဂုဏ်ရောင်၊ ကျောင်းဂုဏ်ဆောင်ကာ
ထွန်းပြောင်စိတ်ထား၊ ဂုဏ်ရည်များနှင့်
သမားဇာနည်၊ အောင်စစ်သည်။
အားမာန်ဝင့်ချီ၊ ရှေ့သို့ရည်။ ။

ခိုင်သစ္စာ(စိတ်ပညာ)

သက်ကြီးရွယ်အိုများ ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ ဒီဇင်ဘာ ၂၄ ရက် ညနေမှစ၍ နေပြည်တော်၊ စဉ့်ကူ၊ ပုဂံ-ညောင်ဦး၊ ပုပ္ပား၊ ပခုက္ကူခရီးစဉ်တွင် ဒီဇင်ဘာ ၂၅ ရက် နံနက်၌ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် စဉ့်ကူ မြို့ကုန်းရပ်ကွက် ၉၉၀၀ အရုဏ်ခံတန်ဆောင်းကြီးရှေ့တွင် အသက် (၉၅) နှစ်ရှိ အဘွားတစ်ဦးအပါအဝင် ဒုတိယအကြိမ် အသက် (၇၅) နှစ်မှ (၉၉) နှစ်အတွင်းရှိ ဒေသခံသက်ကြီးရွယ်အို အဘိုးရှစ်ဦး၊ အဘွား ရှစ်ဦးကို စုပေါင်းကန်တော့မည်ဖြစ်ရာ ဆေးဝါး၊ အဝတ်အထည်၊ အလှူငွေ၊ စားသောက်ဖွယ်ရာများ လှူဒါန်းလိုသူများသည် အလှူရှင်ကမ္ပည်းရေးထိုး၍ ဒီဇင်ဘာ ၂၀ ရက် နောက်ဆုံးထားပြီး ဦးစိုးဝင်း(သတင်းထောက် စဉ့်ကူစိုးဝင်း) ဖုန်း-၆၄၃၈၂၆၊ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၉-၅၀၆၆၅၀၀၊ ဦးအေးသီ (တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၉-၅၁၈၀၁၂၀၊ ဦးခင်မောင်ညွန့် (တရားရုံးချုပ်ရှေ့နေ) ဖုန်း-၀၉-၅၀၈၁၉၁၁၊ ဒေါ်ဇင်မာညို(ဖူဂျီဓာတ်ပုံဆိုင်) ၃၄ လမ်းနှင့် အနော်ရထာလမ်းထောင့်၊ ကျောက်တံတားမြို့နယ် ဖုန်း-၂၄၃၃၀၅နှင့် ဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန် ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဒီဇင်ဘာ ၂၂

ဦးလှထွန်းဦး(ရွှေနီဦးဆောက်လုပ်ရေး)သည် ဒီဇင်ဘာ ၁၇ ရက်က မြကန်သာ ဂေါက်ကလပ် (Pondy-YCDC) ၌ ကစားဖော်များဖြစ်သည့် ဦးသံမိုး(New Forceဆောက်လုပ်ရေး)၊ ဦးရဲထွန်း (MY Co.,Ldt.)၊ ဦးမောင်မောင်အောင် (အဏ္ဏဝါအောင် ကုမ္ပဏီလီမိတက်)၊ ဦးခိုင်ဦး (မင်းအနော်ရထာကုမ္ပဏီလီမိတက်)တို့နှင့် အတူ ဂေါက်သီးရိုက် ကစားနေစဉ် ၁၅၅ ကိုက်ဝေးသော ကျင်းအမှတ် (၈)သို့ အရောက် Titleist Pro V1 No.1 ဘောလုံးကို Honma Iron No.8 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၅ ရက်တွင် မုံရွာမြို့ တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ကျင်းပသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ၊တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းအဖွဲ့များနှင့် ဒိုင်အဖွဲ့များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ပြိုင်ပွဲဝင်အားကစားသမားများ၏ ယှဉ်ပြိုင်ကစားကြပုံများကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်အဖွဲ့က ဆုငွေနှင့် လက်ဝှေ့အားကစားပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မော်ကျွန်း အထက(၁) အာစရိယပူဇော်မည်

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၂

မော်လမြိုင်ကျွန်းမြို့ ယခင်အစိုးရအထက်တန်းကျောင်း ယခု အထက(၁) မော်ကျွန်းတွင် ကျောင်းစတင်ဖွင့်လှစ်သည်မှ ၂၀၀၉ ခုနှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ကျောင်းရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ မော်ကျွန်းအထက(၁)တွင် အနည်းဆုံးတစ်နှစ်တာဝန် ထမ်းဆောင်ခဲ့ပြီး ပညာရေးဌာနမှ အငြိမ်းစားယူခဲ့ကြသည့် အသက် (၆၀) ပြည့် ဆရာကြီး၊ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ ပူဇော်ကန်တော့ပွဲသို့ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးစိုးပိုင် ဖုန်း-၀၉၈၆၂၇၂၀၃၊ ဦးစံသိန်း ဖုန်း-၀၄၂-၅၀၁၅၂၊ ဦးလှစိုး ဖုန်း-၀၄၂-၅၀၂၁၃၊ ဦးထွန်းထွန်း ဖုန်း-၀၄၂-၅၀၁၈၂၊ ဦးကိုကိုလွင် ဖုန်း-၀၄၂-၅၀၅၆၆၊ ဒေါက်တာငွေးကွန်း ဖုန်း-၀၉၈၀၂၄၆၅၃၊ ဒေါက်တာခင်ဇော် ဖုန်း-၀၉၅၀၁၃၉၉၇ နှင့် ဦးအေးကြည် (အထက-၁ ကျောင်းအုပ်ကြီး) ဖုန်း-၀၄၂-၅၀၀၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၃၆၄)

ဘူမိဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

၁၉၈၅ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဘာသာရပ်သို့ တက်ရောက်ခဲ့သူများ၊ ၁၉၉၂ခုနှစ်တွင် ဘူမိဗေဒဘွဲ့ရရှိခဲ့သည့်ကျောင်းသားဟောင်းများ (၁၉၈၅-၁၉၉၂)၏ ပထမအကြိမ် အာစရိယပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီတွင် ဆီဒိုးနားဟိုတယ်(ရန်ကုန်)၏ ရန်ကင်းခန်းမ၌ ကျင်းပရန် စီစဉ်ထားရာ ဝေမွန်ဦး ဖုန်း-၀၉-၅၅၃၉၅၅၅၊ သက်ဦး ဖုန်း-၀၉-၅၀၀၅၂၆၀၊ သန်းထွဋ် ဖုန်း-၀၉-၅၁၄၇၀၉၆၊ မြင့်ကြည်ထွန်း ဖုန်း-၀၉-၅၁၄၉၅၁၈၊ ဝင်းမောင်မောင် ဖုန်း-၀၉-၅၄၀၅၉၇၀၊ ၀၁-၅၇၂၀၉၆၊ ကျော်စွာထွန်း ဖုန်း-၀၉-၅၁၇၇၅၃၁၊ စိုးရသူရထွန်း ဖုန်း-၀၉-၅၁၄၄၀၀၅၊ ခိုင်မျိုးအေး ဖုန်း-၀၉-၅၀၁၅၆၁၉၊ ဟန်လင်းဖုန်း-၀၉၅၀၁၃၅၇၉နှင့် ဇော်စိုးဦး ဖုန်း- ၁-၇၀၃၉၆၇၇၅၅၀ (အရှေ့ပိုင်း)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အထက ဖလုံ (တိုက်ကြီး) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

တိုက်ကြီးမြို့နယ် အထက(ဖလုံ)၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀) ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက ဖလုံကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဦးစိန်ဝင်း (ရန်ကုန်) ဖုန်း-၀၁-၅၀၁၉၁၄နှင့် ဦးအောင်ကြည် (ဖလုံ) ဖုန်း-၀၅၅-၂၀၅၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး သုံးခွမြို့၌ မူလတန်းအဆင့် လက်ဆေးနည်း ကဗျာပြိုင်ပွဲတွင် ဆုရရှိသည့် ကလေးငယ်များအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးခင်အောင်မြင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းအဆောက်အအုံ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်သည် ဒီဇင်ဘာ ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းရှိ ဆင်ကျုံးခံတပ်ကို သွားရောက်ကြည့်ရှုပြီး ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ခံတပ်၏မြောက်ဘက်နှင့် အနောက်ဘက်တို့တွင်ရှိသော မြစ်ကမ်းပါးများ ပြိုပျက်မှုကာကွယ်ရန်၊ ဆင်ကျုံးခံတပ် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရန်နှင့် မြစ်ရေတိုက်စားမှု လျော့နည်းအောင်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ အစေခံ ခံတပ်နှင့် အမရပူရမြို့နယ်ဘက်ခြမ်းရှိ သပြေတန်းခံတပ်များသို့ သွားရောက်ကြည့်ရှုပြီး ခံတပ်အုတ်ရိုးများပေါ် သစ်ပင်များ မပေါက်ရောက်စေရန် ရှင်းလင်းဆောင်ရွက်သွားရေး၊ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ခံတပ်များ ထိခိုက်ပျက်စီးမှုမရှိအောင် ကြိုတင်ကာကွယ်ရေးတို့ကို မှာကြားသည်။

ဧရာဝတီမြစ် အနောက်ဘက်ကမ်း စစ်ကိုင်းမြို့ရှိ အစေခံ ခံတပ်နှင့် အရှေ့ဘက်ကမ်း အမရပူရမြို့နယ် စစ်ကိုင်းတံတားထိပ်ရှိ သပြေတန်းခံတပ် နှစ်ခုစလုံးကို ပြင်သစ်နှင့် အီတလီရေကြောင်း စစ်ဘက်ပညာရှင်များဖြစ်သော ကွန်မိုတိုနှင့် မိုလီနာရီတို့ နှစ်ဦးကြီးကြပ်၍ တည်ဆောက်ခဲ့ကြောင်း၊ သပြေတန်းခံတပ်ကို ခရစ်နှစ် ၁၈၇၄ ခုနှစ်တွင် စတင်တည်ဆောက်ကာ ၁၈၇၈ ခုနှစ်တွင် ပြီးစီးကြောင်း၊ သပြေတန်းခံတပ်ပြီးစီးပြီးနောက် ၁၈၇၉ခုနှစ်တွင် အစေခံ ခံတပ်ကို စတင်တည်ဆောက်ခဲ့ကြောင်း၊ သပြေတန်းခံတပ်သည် အရှေ့-အနောက် ၄၉၂ ပေ၊ တောင်-မြောက်ပေ ၄၀၀ ရှိကာ ဧရာဝတီမြစ်ဘေးဝဲ၊ ယာရှိ အုတ်ဖြင့် စနစ်တကျ တည်ဆောက်ခဲ့သော ခံတပ်ငါးခုအနက် အကြီးဆုံးဖြစ်ကြောင်းသိရှိရသည်။

ကြည့်ရှုစစ်ဆေး

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့် သပြေတန်းခံတပ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆက်လက်၍ အင်းဝမြို့ဟောင်းရှိ ရှေးဟောင်း သုတေသနပြတိုက်သို့ သွားရောက်ကြည့်ရှုပြီး အင်းဝဒေသမှ ရရှိသော ရှေးဟောင်းပစ္စည်းများဖြင့် အင်းဝခေတ် ယဉ်ကျေးမှုအဆင့်အတန်းကို ပေါ်လွင်အောင် စိတ်ဝင်စားဖွယ် ခင်းကျင်းပြသရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲနှင့် မူလတန်းအဆင့် လက်ဆေးနည်းကဗျာပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သော အမျိုးသမီးများ အိုးမကွာအိမ်မကွာ မိသားစုဝင်ငွေ ရရှိစေရန်ရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲနှင့် ငယ်ရွယ်စဉ်မှစ၍ တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ မူလတန်းအဆင့် လက်ဆေးနည်းကဗျာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတို့ကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် သုံးခွမြို့နယ် အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့် ခရိုင်၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သုံးခွမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မညိုက သင်တန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်ချုပ်သင်တန်းသူများအတွက် အထောက်အကူပြုပစ္စည်းများနှင့် လက်ဆေးနည်းကဗျာပြိုင်ပွဲ ဆုရအသင်းများအား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်နှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ တို့က ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

နိုင်ငံတကာအဆင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်း သင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Bakery & Pastry Course (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်း သင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်မည် ဖြစ်သည်။

သင်တန်းကာလအတွင်း Sandwich/ Pizza/ Burger/ Hot Dog စသည့် Fast Food ပြုလုပ်နည်းများ၊ Danish/ Puff/ Croissant ပြုလုပ်နည်းများ၊ Soft Bread အမျိုးအစားများဖြစ်သည့် ပေါင်မုန့်မျိုးစုံ၊ French Baguette/ Onion Bread/ Garlic Bread စသည့် Hard Bread ပြုလုပ်နည်းများ၊ Butter Cake/ Choclate Cake/ Muffin စသည့် အလှဆင်ကိတ်နှင့် မွေးနေ့ကိတ်ပြုလုပ်နည်းများ၊ Cookies/ Doughnut/ Sweet Dough/ Eclair စသည့် မုန့်မျိုးစုံပြုလုပ်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ၊ စားသုံးသူများ ကျန်းမာရေးနှင့် ညီညွတ်စွာစားသုံးနိုင်ရန်အတွက် ဘေးကင်းမှု Food Safety၊ Quality Management of Kitchen Operation စသည်တို့ကို Chartered Institute of Environmental Health နှင့် Educational Institute of the American Culinary Federation မှ Course Guide Line များနှင့်အညီ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည် ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သောအကူအညီများ အခမဲ့ကူညီပေးသွားမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy ၌ ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Managment Academy တိုက် (၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉၅၀၂၀ ၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးမောင်မောင်သိမ်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၂၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးများအား ဌာနအလိုက် ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သိန်း၊ ပျားလုပ်ငန်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်သိန်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) ပါမောက္ခချုပ် ဒေါက်တာတင်ငွေ၊ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသက်ရွှေနှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် တင်ပြချက်များအပေါ် ဝန်ကြီးက နိုင်ငံတော်၏ သား/ငါးကဏ္ဍ ရည်မှန်းချက်အပေါ် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံစေရေးနှင့် ပြည်ပဈေးကွက်များ ထိုးဖောက်ရှာဖွေရေး၊ ဇီဝလုံခြုံရေး အလေးပေးဆောင်ရွက်ရေးနှင့် ထုတ်ကုန် အရည်အသွေး တိုးတက်အောင် ဆောင်ရွက်ရေး အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် တတိယအကြိမ် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံမူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ (နိုင်ငံခြားရေး)

တတိယအကြိမ် မြန်မာ - ဖိလစ်ပိုင် နှစ်နိုင်ငံမူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးမောင်မြင့် တက်ရောက်ခဲ့

ရန်ကုန် ဒီဇင်ဘာ ၂၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ms. Erlinda F. Basilio ၏ ဖိတ်ကြားချက်အရ ဒီဇင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ကျင်းပသည့် တတိယအကြိမ် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အမြင်ချင်းဖလှယ်

တတိယအကြိမ် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံမူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် မနီလာမြို့ Diamond Hotel ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဒုတိယဝန်ကြီး H.E. Ms. Erlinda F. Basilio တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး နှစ်နိုင်ငံ ပြည်တွင်းဖြစ်ပေါ် တိုးတက်မှုများ၊ နှစ်နိုင်ငံဆက်ဆံရေး အခြေအနေ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးလုပ်ငန်း၊ လေကြောင်းပို့ဆောင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြကာ ဒေသတွင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ညစာစားပွဲတည်ခင်း

အဆိုပါ ဆွေးနွေးပွဲသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ခင်စိုးလည်း တက်ရောက်ခဲ့သည်။

ဒီဇင်ဘာ ၂၀ ရက် ညနေပိုင်းတွင် ဒုတိယဝန်ကြီး H.E. Ms. Erlinda F. Basilio က မြန်မာကိုယ်စားလှယ်အဖွဲ့အား Diamond Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၂၀ ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Alberto G. Romulo အားလည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး H.E. Mr. Gregory L Domingo အားလည်းကောင်း တွေ့ဆုံခဲ့ပြီး တွေ့ဆုံပွဲများသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ခင်စိုးလည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၁၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၃၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၀ ၃။ မျိုးချစ်တပ်မတော်
၄း၄၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ ဇာတ်လမ်းတို
၄း၅၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၅၅ ၇။ ဗွီစီဒီကျော်ကြားတေး
၅း၀၀ ၈။ မွေးမြူသုတ
၅း၁၀ ၉။ ရန်သူမီး
၅း၃၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၅ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - မာယာနှုတ်ခမ်း (အပိုင်း-၂၄)**
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၅ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၄။ လျှပ်တစ်ပြက်
၆း၃၀ ၁၅။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ (အပိုင်း-၃၂)
၇း၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - အိပ်မက်ကောင်းကင် (အပိုင်း-၁၅)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ အနုပညာရှင်၏ တစ်နေ့တာ
၂၃။ ကုန်သွယ်သုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၁၇)**
၂၆။ ဂီတရင်ခုန်သံ
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

တောင်ကြီးကောလိပ် ကျောင်းသား၊ ကျောင်းသူများ ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၂၂

တောင်ကြီးကောလိပ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများက တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား ဒွါဒသမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ YMCA ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရယူနိုင်သည်။

အလှူငွေပါဝင်လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် လီယို ဖုန်း-၀၉-၅၀၁၁၃၉၂၊ ဒေါက်တာသာညဏ် ဖုန်း-၀၉-၈၀၃၃၄၄၆၊ ဦးမြင့်လွင်ခိုင်-ဒေါ်မြင့်မြင့်တင် ဖုန်း-၀၉-၅၀၄၆၈၉၉၊ ဦးအောင်မြင့်(ပျော်ဘွယ်) ဖုန်း-၀၆၄-၄၉၅၂၄၊ စိုင်းဇော်မင်း(ကျိုင်းတုံ) ဖုန်း-၀၉-၅၂၅၀၁၂၁၊ ဦးမောင်မောင်လေး (သီပေါ) ဖုန်း-၀၉-၅၀၁၇၁၉၆၊ စိုင်းသိန်းထွေး (ကျောက်မဲ) ဖုန်း-၀၆၇-၂၂၀၇၄၊ ၀၆၇-၂၂၀၇၅၊ ဦးခင်မောင်ဆွေ(အောင်ပန်း) ဖုန်း-၀၉-၅၀၀၂၄၅၀၊ ဦးဝင်းလွင်-ဒေါ်မိမိချမ်း (တောင်ကြီး) ဖုန်း-၀၈၁-၂၁၇၂၀၊ ဒေါ်နန်းခင်အေး(တောင်ကြီး) ဖုန်း-၀၉-၅၂၄၀၄၀၂၊ ဦးခင်မောင်အေး (တောင်ကြီး) ဖုန်း-၀၉-၅၁၃၇၄၂၃၊ ဒေါ်မေကြင် ဖုန်း-၂၁၀၉၈၇၊ ဒေါ်စိန်စိန်မြင့်(ကျောက်မဲ) ဖုန်း- ၀၈၂-၄၀၂၁၀၊ ဒေါ်စွမ် ဖုန်း-၂၂၃၃၂၅၊ ဒေါ်ခင်ဝင့်အေးအေး ဖုန်း-၀၉-၅၁၅၃၇၈၇၊ ဒေါ်ခင်စိမ်းဝင်း(မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၅၈၁၊ ဒေါ်ထွေးခင် ဖုန်း-၂၂၃၉၀၃၊ ဒေါ်နယ်လီထွန်း(မန္တလေး) ဖုန်း- ၀၂- ၃၃၉၈၉၊ ဒေါ်ခင်မာရီ ဖုန်း-၀၆၇-၇၀၂၇၆၊ ဦးသန့်စင် ဖုန်း-၅၀၈၇၀၉ Ext-၃၆၀၊ ဒေါ်ခင်စစ်ဝေ ဖုန်း-၅၆၃၅၉၄၊ ဒေါ်စဝ်သီတာထွေး ဖုန်း-၆၆၂၇၃၂၊ ဒေါ်တင်တင်နွဲ့ (လှိုင်ကော်) ဖုန်း-၂၅၂၉၉၂၊ ဒေါ်ယုယုလွင် ဖုန်း-၂၀၅၁၉၊ ဒေါ်စီစီဝင်း ဖုန်း- ၅၅၆၇၃၇၊ ဒေါ်သိန်းသိန်းလှ ဖုန်း- ၅၃၅၂၉၀၊ ဒေါ်ဆွေဆွေဦး ဖုန်း-၃၈၆၆၆၇၊ ဒေါ်မေမေတင် ဖုန်း-၇၀၈၅၃၃ နှင့် စိုင်းစိုးမြင့်ဆွေ-ဒေါ်စုစုသန်းဖေ ဖုန်း-၅၇၉၃၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အငယ်တန်း/ အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာအုပ်စု ကျည်တောင်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ကျော်လွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး (ဝဲပုံ) ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ပြိုင်ပွဲသို့ အငယ်တန်း ရှစ်သင်းနှင့် အလွတ်တန်း ၁၄ သင်း စုစုပေါင်း ၂၂ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဖွင့်ပွဲ ပွဲစဉ်အဖြစ် ဇီးကုန်းကျေးရွာအုပ်စု ဘောလုံးအသင်းနှင့် သစ်ယာကုန်း ကျေးရွာအုပ်စု ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်းနှင့် အခြားအားကစားနည်းများဖြစ်သော ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်နှင့် ပြေးခုန်ပစ် စသော အားကစားပြိုင်ပွဲများကိုလည်း ဇန်နဝါရီ ၄ ရက်အထိ ထည့်သွင်း ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးညဏ်ဝင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အာကီဟီတို၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆဲအိဂျိမာအဲဟာရထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ပိန်းဇလုပ်(ပဲခူးယ်ကုန်း)လမ်းတွင် ကတ္တရာခင်းပြီးဖြစ်နေသော အပိုင်းကိုလည်း ဤသို့တွေ့ခဲ့ရသည်။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
- ☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီးကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

✻ ရှေ့ဖုံးမှ

ဖောက်လုပ်လျက်ရှိသည့် လမ်းမကြီး ခုနစ်သွယ်အနက်မှ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ပိန်းဇလုပ်(ပဲခူးယ်ကုန်း) လမ်းဖောက်လုပ်လျက်ရှိသည့် ပဲခူးရိုးမကြီးအတွင်းသို့ စီမံကိန်းအင်ဂျင်နီယာချုပ် ဦးတင်ဆန်း စီစဉ်ပေးသည့်ကားဖြင့် သွားရောက်ခဲ့ရာ ညနေနေဝင်ရီတရောအချိန်ကျမှ ရောက်ရှိသွားသဖြင့် ရိုးမဖြတ်လမ်းစီမံကိန်း၏ တောင်ပေါ် ၁၉ မိုင်စခန်းတွင် တစ်ညတာ အိပ်စက်ခဲ့သည်။

ကျွန်တော်သည် နောက်တစ်နေ့ နံနက်ဝေလီဝေလင်းအချိန်တွင် နိုးနေသဖြင့် အိပ်ခန်းပြတင်းပေါက်ကိုဖွင့်၍ အပြင်ကိုကြည့်နေမိသည်။ ထိုအချိန်တွင် ဟိုးခပ်ဝေးဝေးက ပဲခူးရိုးမ၏တောင်ဆည်းလည်း ငှက်ငယ်များ၏အသံသည် ဆွဲဆွဲငင်ငင် သာယာစွာ ထွက်ပေါ်လာနေပြီး တောကြက်နှင့် တောငှက်များ၏ တွန်ကျူးသံများကိုလည်း ကြားနေရသည်။

ထိုတောကြက်၊ တောငှက်တို့၏ တွန်ကျူးသံနှင့်အတူ အရုဏ်ကျင်း၍ ရောင်နီလာနေသည်ကို အရှေ့ဘက်တွင် မြင်နေရသည်။ တစ်မိုးသောက်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် တစ်ညတာအိပ်စက်ခဲ့သော ၁၉ မိုင်စခန်း၏ စီမံကိန်းရှင်းလင်းဆောင်အဝကိုထွက်ပြီး ပဲခူးရိုးမကြီး၏ မြရာပင်များကိုကျော်၍ကြည့်လိုက်ရာ မြင်ကွင်းသည် ကျယ်ဝန်းလာပြီး တောင်စွယ်တောင်တန်းကြီးများက တလိပ်လိပ်တက်နေသော ဒီလှိုင်းကြီးများပမာ အစီအရီဖြင့် ကြည့်မဆုံးအောင် တွေ့မြင်နေရသည်။

ထို့နောက် အလွန်ဝေးလံလှသော အရှေ့စူးစူး၌ ညို့ညို့မှိုင်းပြီး မြင့်မားလှသော တောင်တန်းကြီး၊ ထိုတောင်ကြီး၏ နောက်ကျောဘက်တွင် တဖြည်းဖြည်း ထွက်ပေါ်လာသော နီနီရဲနေသည့် နေဝန်း၏ ရောင်ခြည်ကို မြင်တွေ့နေရပြီဖြစ်သည်။

ထို့ကြောင့် ကျွန်တော်သည် ၁၉ မိုင်စခန်းရှင်းလင်းဆောင်ကို ပြန်ဝင်၍ မျက်နှာသစ်ပြီးစခန်းက ကျွေးသော နံနက်စာစောစောအဆာပြေစာ စားသည်။ နောက် လမ်းမကြီးခုနစ်သွယ်ဖြင့် ပဲခူးရိုးမကို အောင်မြင်ခြင်း သတင်းဆောင်းပါးအတွက် လုပ်ငန်းခွင်ဓာတ်ပုံများကို ရိုက်ကူးရန် အထူးစီမံကိန်းကြီးများ တည်ဆောက်ရေး အဖွဲ့(၁)၊ မြို့ချောင်းစခန်းရုံးက ထပ်မံစီစဉ်ပေးလိုက်သော ကားတွင် ဓာတ်ပုံသတင်းထောက် မိုးမြင့်လှိုင်နှင့်အတူစီးသည်။ စီမံကိန်းအင်ဂျင်နီယာမှူး ဦးသောင်းဟန်စိုး၊လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးတိုးတိုးတို့က ကားတစ်စီး၊ ပေါင်းကားနှစ်စီးဖြင့် ခါချဉ်တောင်မှ ဘိုရုံဆင်စခန်း၊ ပဲခူးရိုးမ(ဥတစ်လုံးတောင်) ဇာမဏီချောင်း-ခရိုင်နယ်ခြား၊ ကြိုးဝိုင်းသုံးခုဆုံရပ်၊ ဘိုင်းဒါး၊ ကျောက်မိုင်းစခန်းတို့ကိုဖြတ်ပြီး မြို့ချောင်းမှ ဖဒို၊ ကျွန်းကုန်း၊ ပိန်းဇလုပ်အထိ သွားရောက်ခဲ့ပြီး ဌာနနှင့် ကုမ္ပဏီတို့မှ စက်ယန္တရားကြီးများဖြင့် မြေသားဆောင်ရွက်နေပုံ၊ တောင်တွေကိုဖြိုချပြီး လမ်းအကျယ်ချဲ့နေပုံ၊ မြေသားလုပ်ငန်းတွင် နိမ့်သောနေရာ၌ မြေဖို့၍ မြင့်သောတောင်များမှ မြေကိုနိမ့်ချနေသည့် လုပ်ငန်းခွင်၏ သတင်းဓာတ်ပုံများ ရိုက်ကူးသည်။ ထို့နောက် ကားတစ်စီး သက်သက်ဖြင့် ခရီးစဉ်တွင်ပါလာသော စီမံကိန်းအင်ဂျင်နီယာတစ်ဦး ဖြစ်သူ အင်ဂျင်နီယာမှူး ဦးသောင်းဟန်စိုးအား ရိုးမဖြတ်လမ်းကြီးနှင့် ပတ်သက်၍ မေးကြည့်ရာ ဦးသောင်းဟန်စိုးက မင်းလှ - စိန်ကန့်လန့် - မြို့ချောင်း - ပိန်းဇလုပ်(ပဲခူးယ်ကုန်း)လမ်း ၈၉ မိုင် ၆ ဖာလုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၁)က တာဝန်ယူ၍ ဌာနနှင့် ကုမ္ပဏီ ၁၅ ဖွဲ့တို့က ဖောက်လုပ်နေခြင်းဖြစ်ကြောင်း၊ စီမံကိန်းအင်ဂျင်နီယာများအဖြစ် ဦးတင်ဆန်း၊ အင်ဂျင်နီယာချုပ် (လမ်း)နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ) ဦးကြည်ဇော်မြင့်၊ အင်ဂျင်နီယာမှူး(မြို့ပြ) မိမိ ဦးသောင်းဟန်စိုးက ဆောင်ရွက်ကြကြောင်း။

သည်လမ်းသမိုင်းအကျဉ်းကို ပြောရလျှင် လမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ကျွန်းကုန်း(ပိန်းဇလုပ်)-ဖဒို-မြို့ချောင်းအပိုင်းနှင့် စိန်ကန့်လန့်-မင်းလှ တာဇုန်လမ်းမှာ မိမိတို့ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းဖြစ်ပြီး မြို့ချောင်း-စိန်ကန့်လန့်လမ်းသည် သစ်တောရေးရာဝန်ကြီးဌာနမှ ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်းက မြေသားသစ်ထုတ်လုပ်ရေးလမ်းအဖြစ်ဖောက်လုပ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ လွှဲခဲ့သောလမ်းဖြစ်ကြောင်း။

ထို့ကြောင့် အဆိုပါလမ်းအားတစ်ဆက်တစ်စပ်တည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရာတွင် လမ်းတာပေါင်အကျယ်ကို ၃၄ ပေအထိ ရအောင် ဆောင်ရွက်မည်ဖြစ်ပြီး ကတ္တရာလမ်းအကျယ် ၁၂ ပေကို လမ်းသုတေသနဌာနက ထုတ်ပေးသည့် ပုံစံအတိုင်း ခင်းမည်ဖြစ်ကြောင်း။

မြို့ချောင်း - စိန်ကန့်လန့်လမ်းသည် ယခင်အခါက သစ်ထုတ်လုပ်ရေးလမ်းအတွက်သာ အသုံးပြုသောလမ်းဖြစ်၍ ယခုလို အများပြည်သူသုံးလမ်းမကြီးတစ်ခုအဖြစ် ပြုပြင်တည်ဆောက်ရာတွင် ခါချဉ်တောင်ကဲ့သို့ အမြင့် ၁၈၃၅ ပေရှိပြီး အတက်အဆင်းကြမ်းသည့်နေရာများတွင် လမ်းအူကြောင်းအသစ်ရှာဖွေပြီး ပြေပြစ်သောလမ်းကြောင်းရရှိရန် ဆောင်ရွက်နေကြောင်း၊ လမ်းအန္တရာယ်ကင်းရန် လမ်းတာပေါင်အကျယ် ၃၄ ပေ သတ်မှတ်ထားသော်လည်း လမ်းကွေ့နေရာများနှင့် ဖို့မြေ ဖြတ်မြေမြင့်မားသောနေရာများတွင် လမ်းတာပေါင်အကျယ်ပေ ၅၀ အထိ ရှိကြောင်းကို ပြောပြသည်။

မင်းလှ - စိန်ကန့်လန့် - မြို့ချောင်း-ပိန်းဇလုပ်(ပဲခူးယ်ကုန်း)လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအထူးအဖွဲ့(၁)မှ ၂၂မိုင် ၆ ဖာလုံ၊ အောင်ထက်လွင်ကုမ္ပဏီက ရှစ်မိုင်၊ ထွန်းလင်းကုမ္ပဏီက ငါးမိုင်၊ DRAGON EMPIRE ကုမ္ပဏီက ငါးမိုင်၊ SMOOTH LIFE ကုမ္ပဏီက လေးမိုင်၊ KYAW ကုမ္ပဏီက ငါးမိုင်၊ မြရွှေကြာ ကုမ္ပဏီက ရှစ်မိုင်၊ မြတ်နိုးသူ ကုမ္ပဏီက လေးမိုင်၊ မြတ်အိန္ဒြေ ကုမ္ပဏီက လေးမိုင်၊ ဧရာရွှေဝါကုမ္ပဏီက ရှစ်မိုင်၊ MMMကုမ္ပဏီက ငါးမိုင်၊ EXPRESS HIGHWAY ကုမ္ပဏီက နှစ်မိုင်၊ GPG ကုမ္ပဏီက ရှစ်မိုင်၊ NGR ကုမ္ပဏီက နှစ်မိုင်နှင့် စုစုပေါင်း ၈၉ မိုင် ၆ဖာလုံဖြစ်သည်။

အဆိုပါလမ်းကို မြေကြီးလုပ်ငန်းများဖြစ်သည့် မြေဖို့ခြင်း၊ ဖိသိပ်ခြင်း၊ တချို့နေရာများတွင် ပထမအခြေခံလွှာခင်းခြင်း၊ ဒုတိယအခြေခံလွှာခင်းခြင်း၊ အပွန်းခံလွှာခင်းခြင်းနှင့် ကတ္တရာရေပိတ်ခံလွှာလောင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး လမ်းနှင့်အတူ တံတားများမှာ ပေ ၂၇၀ ရှိတံတား တစ်စင်း၊ ပေ ၁၂၀ရှိ တံတားတစ်စင်း၊ ပေ ၉၀ ရှိ တံတားတစ်စင်း၊ ပေ ၅၀ ရှိ တံတားတစ်စင်း၊ ပေ ၄၀ ရှိ တံတားခြောက်စင်း၊ ပေ ၂၀ ရှိ တံတား လေးစင်း၊ ၁၅ ပေရှိ တံတား ငါးစင်း၊ ပေ ၁၀၀ အရှည်ရှိ မြေကာနံရံ ၁၉၂ ခုနှင့် ရေထုတ်ပြွန် ၁၄၉ စင်းတို့ တည်ဆောက်လျက်ရှိသည်ကို တွေ့ခဲ့ရသည်။

ကျွန်တော်သည် ပဲခူးရိုးမတောကြီးအတွင်း ယခင်က မရောက်ဖူးသော်လည်း ဤကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ကားလမ်း ကြီးတစ်လမ်းပေါ်ပေါက်လာလိမ့်မည်ဟု မထင်မိခဲ့ပေ။ အဘယ့်ကြောင့်ဆိုပါမူ ဖတ်ခဲ့ဖူးသော စာပေများအရ ပဲခူးရိုးမကြီးသည် သောင်းကျန်းသူများကြောင့် မငြိမ်းမချမ်းဖြစ်ခဲ့ရသည်မှာ ၁၉၄၈ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ နှစ်ပေါင်း ၂၀ နှင့် ၁၉၆၈ ခုနှစ်နောက်ပိုင်းတွင်လည်း သိပ်အေးချမ်းမှု မရှိခဲ့ဘဲ ၁၉၈၈ ခုနှစ် နောက်ပိုင်းကျမှ ပဲခူးရိုးမကြီးသည် ငြိမ်းချမ်းလာခဲ့ပြီး ယခုကဲ့သို့ လမ်းမကြီးအသွယ်သွယ်တို့ဖြင့် ဝင့်ထည်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ လမ်းမကြီးအသွယ်သွယ်ဖြင့် ဝင့်ထည်နေပြီဖြစ်သော ပဲခူးရိုးမကြီးအတွင်း၌ပင် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ပိန်းဇလုပ်(ပဲခူးယ်ကုန်း)လမ်းတွင် မိုင်တိုင် ၁၄/၂မှ ၆၁/၂မိုင်အထိ တာဝန်ယူကြီးကြပ်နေသည် ဆိုသော ဌာနအဖွဲ့(၂)မှ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးတိုးတိုးအား ဆက်လက်စေ့ငုကြည့်မိရာ ဦးတိုးတိုးက မင်းလှ-စိန်ကန့်လန့် လမ်းပိုင်းတွင် မြေသားလုပ်ငန်းတည်ဆောက်ခြင်းကို တာဝန်ယူဆောင်ရွက်ရပါကြောင်း၊ မိုင်တိုင်အမှတ် ၁၄/၁မှ ၅၁/၂အထိ ၃၃ မိုင်ကို တာဝန်ယူဆောင်ရွက်ပါကြောင်း၊ ကျွန်တော်တာဝန်ယူလုပ်ဆောင်ရသည့် လုပ်ငန်းခွင်တစ်ခုတည်းမှာပင် စက်ယန္တရားကြီးများက မြေတူးစက်အစီး ၂၀၊ မြေထိုးမြေကော်စက် ၂၅ စီး၊ မြေသယ်ယာဉ်အစီး ၆၀၊ မြေသိပ်သည်းစက်အစီး ၅၀လောက်နှင့် တစ်ပြိုင်တည်းဆောင်ရွက်နေပါကြောင်း။

ဖို့မြေနေရာများတွင် သိပ်သည်းမှုရရှိရန် မြေသိပ်စက်ဖြင့် ကြိတ်ပေးနေသည်ကို ဤသို့တွေ့ခဲ့ရသည်။

သည်လမ်းကြီး ဖောက်လုပ်ရာမှာ အင်ဂျင်နီယာ ဝန်ထမ်းတစ်ယောက်အဖြစ် ပါဝင်ဆောင်ရွက်ခွင့်ရ၍ ကျေနပ်ဝမ်းသာကြောင်း၊ အဘယ်ကြောင့်ဆိုသော် ပဲခူးတိုင်းဒေသကြီး၏ အရှေ့

လမ်းတာပေါင်အကျယ်ကို ၃၄ ပေ သတ်မှတ်ထားသော်လည်း လမ်းကွေ့နေရာများနှင့်ဖို့မြေဖြတ်မြေမြင့်မားသော နေရာများတွင် ပေ ၅၀ အထိ ဆောင်ရွက်ထားပါကြောင်း။

ဦးသောင်းဟန်စိုး
အင်ဂျင်နီယာမှူး(မြို့ပြ)

ဘက်ခြမ်းနှင့် အနောက်ဘက်အခြမ်းကို ထိုလမ်းမှ အလွယ်တကူသွားလာနိုင်ကြပြီး ကုန်စည် စီးဆင်းမှုများလည်းမြန်ဆန်၍ ဒေသတွင်းမှ ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားစေတော့မည် ဖြစ်ကြောင်း၊ လူသူမနီးသည့် တောကြီးတောင်ကြီးအတွင်း ပူပန်မှု၊ စိုးရိမ်မှု ကင်းကင်းနဲ့ တာဝန်ထမ်းဆောင်ခွင့်ရသဖြင့် ကျေနပ်မိပါကြောင်းစသည်ဖြင့် ပြောကြားသည်။

ကျွန်တော်တို့သည် မင်းလှတာဆုံမှသည် စိန်ကန့်လန့်၊ ဘန့်ကွေးကုန်း၊ ကျောက်ခွက်ချောင်း၊ ဆင်တဲစခန်း၊ ခါချဉ်တောင်၊ ရိုးမ၊ ဇာမဏီချောင်း၊ ခရိုင်နယ်ခြား ကြိုးဝိုင်းသုံးခုဆုံရပ် ဘိုင်းဒါး၊ ကျောင်းမိုင်းစခန်း၊ မြို့ချောင်း၊ ရဲနွယ်၊ ဖဒို၊ ကျွန်းကုန်း၊ ပိန်းဇလုပ်(ပဲခူးယ်ကုန်း)အထိ ကားနှင့်ဖြတ်ခဲ့ရာ သုံးနာရီဖြင့် ခရီးပေါက်ခဲ့သည်။

မကြာသောကာလတွင် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ပိန်းဇလုပ်(ပဲခူးယ်ကုန်း) ရိုးမဖြတ်လမ်းကြီးတစ်လမ်း ပြီးစီးတော့မည်ဖြစ်ပေသည်။ သည်လမ်းကြီး ပြီးသွားလျှင် ပဲခူးရိုးမ၏ အနောက်ခြမ်းရှိ သာယာဝတီ-သုံးဆယ်-လက်ပံတန်း၊ မင်းလှ-အုတ်ဖို၊ ဇီးကုန်း-ကြို့ပင်ကောက်၊ ရွှေတောင်-နတ်တလင်း၊ ပေါင်းတည်-ပြည် အစရှိသည့် မြို့ကြီးများသည် မိမိတို့၏လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆက်သွယ်ရမည့် ပဲခူးတိုင်းဒေသကြီးဖြစ်သည့် ပဲခူးမြို့သို့ သွားလိုလျှင် ယခင်ကလို ရိုးမကြီးကို ရှောင်ကွင်းပြီး ရန်ကုန်အထိ သွားရန်မလိုဘဲ ရိုးမကြီးကိုကျော်လွှား၍ အချိန်တိုအတွင်း ရောက်ရှိကြပေတော့မည်ဖြစ်သည်။

ထိုသို့အချိန်တိုအတွင်း မိမိသွားလိုရာဒေသသို့ သွားရောက်နိုင်ကြစေရန် ပဲခူးတိုင်း၏ အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းတို့အတွက် အတားအဆီးသဖွယ် ကန့်လန့်ခံနေသော ရိုးမကြီးကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လမ်းမကြီးခုနစ်သွယ်ဖြင့် ရိုးမကို အောင်မြင်စွာ ကျော်လွှားပေးလိုက်ပြီဖြစ်သည်။ ထိုလမ်းမကြီးများသည် ရိုးမတောကြီးအတွင်းမှ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အဖိုးတန် ကျွန်း၊ ပျဉ်းကတိုး အစရှိသည့် သစ်များနှင့် အခြားသော သယံဇာတများအား သယ်ယူပို့ဆောင်ရေးအတွက် အထောက်အကူဖြစ်မည့်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစွာတည်ဆောက်ရေးအတွက် ထာဝရတည်ရှိနေတော့မည်။ ယခင်က နိုင်ငံတော်၏လမ်း၊ တံတားများ အားနည်းမှုကြောင့် အချို့ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုများ လစ်ဟာနေခဲ့ရာ ယခုအခါတွင် ထိုလစ်ဟာနေမှုတို့သည် အိပ်မက်ပမာ အတိတ်မှာ ကျန်ရစ်တော့မည်ဟု မှတ်တမ်းပြုရေးသားတင်ပြလိုက်ရပါသည်။ ။

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၂

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) အားကစားကွင်း၌ တပ်မတော်(လေ)အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ပေါင်းလောင်းအားကစားကွင်း၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော်(ရေ)အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင် ငံ တ ကာ အား က စား သ တင်း

နိုင် ငံ တ ကာ အား က စား သ တင်း နိုင် ငံ တ ကာ အား က စား သ တင်း

ဝင်းတင်(ကြေးမုံ)

ဂလေဇာမိသားစု မန်ယူကို ရောင်းချတော့မည်ဟုဆို

မန်ချက်စတာ ဒီဇင်ဘာ ၂၂

မန်ယူအသင်းကို ပိုင်ဆိုင်သည့် အမေရိကန် စီးပွားရေးလုပ်ငန်းရှင် ဂလေဇာမိသားစုသည် ယခုအချိန်တွင် ကြွေးမြီပြဿနာများကြောင့် အသင်းကို ရောင်းချတော့မည်ဟုဆိုသည်။

ဂလေဇာမိသားစု၏ ကြွေးမြီမှာ စုစုပေါင်း ပေါင် ၇၅၂ သန်းရှိရာမှ ပေါင် ၂၅၂ သန်းကို ပေးချေပြီးဖြစ်သည်။ ကြွေးမြီ ပေါင်သန်း ၅၀၀ ပေးဆပ်ရန် ကျန်ရှိနေသေးသည့်အတွက် အသင်းကို ပြန်လည်ရောင်းချရန် ပြင်ဆင်လာခြင်းဖြစ်သည်ဟု သိရသည်။

ဂလေဇာမိသားစု၏ ကြွေးမြီ ပေးဆပ်ရန် အသင်းကို ပြန်လည်ရောင်းချရန် ပြင်ဆင်လာသည်။

အသင်း၏ အမှုဆောင်အဖွဲ့တွင် မပါဝင်သော ဒါရိုက်တာတစ်ဦးဖြစ်သူ မိုက်အီဒယ်လ်ဆင်ကမူ အသင်းကို ရောင်းချမည့်ကိစ္စမှာ လျှို့ဝှက်ရမည့်ကိစ္စ မဟုတ်ကြောင်း၊ မကြာမီမှာပင် အမှန်တကယ် ရောင်းချတော့မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ လတ်တလောအချိန်တွင် ကာတာတော်ဝင်မိသားစုဝင် စော်ဘွားတစ်ဦးဖြစ်သည့် ရှိုက်ခ်ဟာမက်ဘင် ခါလီဖာအယ်လ်သာနီက ပေါင် ၁ ဒသမ ၅ ဘီလီယံဖြင့် မန်ယူအသင်းကို ဝယ်ယူရန်ကမ်းလှမ်းနေသည်ဟု သိရသည်။ အာရပ်ကမ္ဘာမှ သန်းကြွယ်သူဌေးများသည် ဘောလုံးစီးပွားရေးလောကထဲသို့ တဖြည်းဖြည်းစီးဝင်လာနေရာ မန်ယူအသင်းမှာလည်း အာရပ်များ လက်ထဲသို့ ရောက်၊ မရောက်ဆိုသည်ကတော့ ဂလေဇာမိသားစုပေါ်တွင်သာ မူတည်လျက် ရှိနေပြီဖြစ်သည်။

အင်တာနက်။

ကမ္ဘာ့ဖလားဘောလုံးပွဲ ဆောင်းရာသီတွင် ကျင်းပရန် FIFPro ထောက်ခံ

လန်ဒန် ဒီဇင်ဘာ ၂၂

ကာတာနိုင်ငံတွင် ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဆောင်းရာသီတွင်သာ ကျင်းပသင့်ကြောင်း ကမ္ဘာ့ဘောလုံးသမားများ သမဂ္ဂ (FIFPro)က ထောက်ခံလိုက်ကြောင်း သိရသည်။

ကာတာနိုင်ငံ၏ ပူပြင်းလှသော နွေရာသီကို ရှောင်ရှားနိုင်ရန်အတွက် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဇန်နဝါရီလတွင် ကျင်းပမည့်အစီအစဉ်ကို ဖီဖာဥက္ကဋ္ဌ ဆတ်ဘလတ္တာနှင့် အထွေထွေအတွင်းရေးမှူး ဂျာရိုမီဗာလ်ကီးတို့က အပြည့်အဝ ထောက်ခံခဲ့ကြသည်။ ကာတာနိုင်ငံ၏ အပူချိန်မှာ တစ်ခါတစ်ရံတွင် ၅၀ ဒီဂရီအထိရှိနေပြီး ကမ္ဘာ့ဖလားပြိုင်ပွဲများ ကျင်းပလေ့ရှိသည့် ဇွန်၊ ဇူလိုင်လများတွင် ၄ ဒီဂရီအထိ ရှိနေသည်။ ထို့ကြောင့် ယင်းလများတွင် ပြိုင်ပွဲကျင်းပရန် မဖြစ်နိုင်ဘဲ ဇန်နဝါရီလတွင်သာ ကျင်းပရန်သင့်လျော်ကြောင်း အများစုက ထောက်ခံနေခြင်းဖြစ်သည်။

အင်တာနက်။

အင်တာနည်းပြ ဘင်နီတက်ဇ် ထုတ်ပယ်ခံရ

မီလန် ဒီဇင်ဘာ ၂၂

အီတလီစီးရီးအေမှ ထိပ်တန်းကလပ် အင်တာမီလန်အသင်း၏ နည်းပြဖြစ်သူ ဘင်နီတက်ဇ်မှာ ရာထူးမှ ထုတ်ပယ်ခံလိုက်ရပြီဖြစ်ကြောင်း သတင်းတစ်ရပ်က ဆိုသည်။

ဘင်နီတက်ဇ်သည် အင်တာမီလန်ကို ကိုယ်တွယ်ခဲ့သည့်မှာ ခြောက်လခန့်သာ ရှိသေးသည်။ ယမန်နှစ်က ဖလားသုံးလုံးရပြီး အောင်မြင်မှုများ ရရှိခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်၌ အုပ်စုဒုတိယဖြင့် ရှုံးထွက်အဆင့်သို့ တက်နိုင်ခဲ့ပြီး ကမ္ဘာ့ကလပ်ချန်ပီယံရှစ်တွင် ဗိုလ်စွဲခဲ့သော်လည်း အီတလီစီးရီးအေတွင် ရလဒ်များဆိုးရွားပြီး အဆင့်(၇) တွင်သာ ရပ်တည်နေနိုင်သည်။

အင်တာနည်းပြရာထူးမှ ထုတ်ပယ်ခံရသည့် ဘင်နီတက်ဇ်။

အင်တာမီလန်၏ အပေါ်တွင် အေစီမီလန်၊ နာပိုလီ၊ လာဇီယို၊ ဂျူဗင်တပ်စ်၊ ရိုးမားနှင့် ပါလာမိုတို့ရှိနေပြီး ထိပ်ဆုံးမှ အေစီမီလန်နှင့် နှစ်ပွဲလျော့ ၁၃ မှတ်တိတိကွာဟနေသည်။ အင်တာမီလန် ဥက္ကဋ္ဌ မိုရစ်တီသည် ဘင်နီတက်ဇ်၏ နေရာတွင် လီယိုနာဒို(သို့မဟုတ်) စပယ်လက်တီနှင့် အစားထိုးဖွယ်ရာရှိနေကြောင်း သိရသည်။

အင်တာနက်။

အာဆင်နယ်တွင် ပွဲထွက်ခွင့်မရသည့် ဒီနယ်လ်ဆင်အား အပြိုင်ဝယ်ယူရန် ဘာစာကြိုးပမ်း

ဘာစီလိုနာ ဒီဇင်ဘာ ၂၂

ဘာစီလိုနာအသင်းသည် အာဆင်နယ်အသင်းမှ ဘရာဇီးလူမျိုး ကွင်းလယ်ကစားသမား ဒီနယ်လ်ဆင်အား ဝယ်ယူရန်ပြင်ဆင်နေကြောင်း စပိန်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အသက် (၂၂)နှစ်ရှိ ဒီနယ်လ်ဆင်သည် အာဆင်နယ် မန်နေဂျာ အာဆင်ဝင်းဂါး၏ ထောက်ခံမှုကို မရရှိဘဲ ဘောလုံးရာသီတစ်ခုလုံးတွင် နှစ်ပွဲသာ ပွဲထွက်ကစားရသေးသည်။

ဂျက်ဝီလ်ရှိုင်းယားနှင့် ဒိုင်ယာဘီတို့အား အာဆင်နယ်အသင်းက ဝယ်ယူပြီးနောက် ဒီနယ်လ်ဆင်၏ ပွဲထွက်ကစားခွင့်မှာလည်း တဖြည်းဖြည်း နည်းပါးလာရခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းအား ဝယ်ယူရန် ဥရောပအသင်းများက အပြိုင်အဆိုင် စိတ်ဝင်စားလာကြသည်။

ဘွန်ဒက်စ်လီဂါမှ ဝုဖ်ဘတ်အသင်းက ဒီနယ်လ်ဆင်အား ယူရို ၁၃ သန်းဖြင့် ဝယ်ယူရန် မကြာသေးမီက ချဉ်းကပ်ခဲ့သေးသည်။ သို့ရာတွင် ဘာစီလိုနာအသင်းက ၎င်းအားဝယ်ယူရန် အလျင်အမြန် ကြိုးပမ်းလျက်ရှိသည်။

ဘာစီလိုနာ နည်းပြ ပက်ဂွါဒီယိုလာက ဒီနယ်လ်ဆင်မှာ သူ၏ အသင်းနှင့် သင့်တော်လိမ့်မည်ဟု ထင်မြင်ချက်ပေးပြီး

အာဆင်နယ်အသင်းမှ ကွင်းလယ်ကစားသမား ဒီနယ်လ်ဆင်။

ဒီနယ်လ်ဆင်ကလည်း အင်္ဂလန်ဘောလုံးလောကမှ စွန့်ခွာတော့မည်ဖြစ်ကြောင်း ဝန်ခံပြောကြားသွားသည်။

အင်တာနက်။

ဂိုးသမားကြီးဘတ်ဖွန်၏ အနာဂတ် ဂျူဗင်တပ်စ်တွင် မသေချာတော့ပြီ

ရောမ ဒီဇင်ဘာ ၂၂

ဂျူဗင်တပ်စ်အသင်း၏ ဂိုးသမားဖြစ်သူ ဂျီအန်လူယာဂီ ဘတ်ဖွန်က ဂျူဗင်တပ်စ်အသင်းတွင် ကစားနေသော်လည်း အင်္ဂလိပ်ဘောလုံးလောကအပေါ် သဘောကျနှစ်သက်မှုရှိသဖြင့် ပရီမီယာလိဂ်သည် သူ၏ အနာဂတ်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်ဟု သတင်းတစ်ရပ်က ဆိုသည်။ ထို့ကြောင့် သူ၏အင်္ဂလိပ် ပရီမီယာလိဂ်တွင် ကစားရန် နှစ်သက်နေမှုကို ဖော်ပြခဲ့သဖြင့် ဂျူဗင်၌ သူ၏ အနာဂတ်သည် သေချာရေရာမှု ရှိနိုင်တော့မည်မဟုတ်ဟု သတင်းများ ထွက်ပေါ်လာသည်။

ဂျူဗင်တပ်စ်အသင်း၏ ဂိုးသမား ဂျီအန်လူယာဂီဘတ်ဖွန်။

ကာလရှည်ကြာ ဒဏ်ရာကြောင့် နားနေရသော အီတလီလက်ရွေးစင် ဂိုးသမား ဘတ်ဖွန်သည် လာမည့် ဇန်နဝါရီတွင် ပြန်ကစားနိုင်တော့မည်ဟု မျှော်လင့်ရသည်။

"အဲဒီမှာ ကစားသမားကောင်းတွေ အများကြီးရှိလို့ ပရီမီယာလိဂ်က ကျွန်တော့်ကို အများကြီး ဆွဲဆောင်နိုင်တယ်"ဟု သူက သတင်းဌာနတစ်ခုသို့ ပြောကြားခဲ့သည်။ "ဒါပေမယ့်လည်း စီးရီးအေက ယခုထက်ထိ ယှဉ်ပြိုင်ဖို့ အခက်အခဲဆုံးပြိုင်ပွဲ တစ်ရပ်ပါပဲ"ဟု ဆိုသည်။ အနာဂတ်အကြောင်းကိုပြောဖို့ ယခုထိ အချိန်မကျသေးပါဘူးဟုလည်း ဆိုခဲ့ပြန်သည်။ *အင်တာနက်။*

စိုးတင့်နိုင်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၁၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၈း၁၀ ၇။ အကပဒေသာ
- ၈း၂၅ ၈။ အတီးပြိုင်ပွဲ
- ၈း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ "မနိုင်သောအရှုံး"
- ၄း၃၀ ၄။ အဆိုပြိုင်ပွဲ
- ၄း၄၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၂၀ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅း၃၀ ၉။ ရောင်စုံရေးသီတေးပန်းချီ
- ၅း၄၅ ၁၀။ "သိပ္ပံနှင့်သဘာဝ ပတ်ဝန်းကျင်" (Fresh)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ **ပျော်ရွှင်စေသော နေ့ရက်များ "အချစ်ကော်ဖီ"(အပိုင်း-၃၅) (နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ ရွှေပန်းချီ၊ ကောင်းဆက်ထူး၊ ဇော်ဇော်အောင်) (ဒါရိုက်တာ အောင်ကျော်သူရ)**
- ၆း၃၅ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရန်မဲ့. . . ရန်ခုန်သံ" (အပိုင်း-၂၀)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ "အစာလည်းဆေး၊ ဆေးလည်းအစာ" (အပိုင်း-၆)
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၁၂)**
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၂၁)**
- ၂၂။ အစီအစဉ်ပြီး၏။

ခရစ္စမတ်အကြို ညစာစားပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

ခရစ်တော်ကို မျှော်လင့်သော သတ္တမနေ့ အသင်းတော်သာသနာ အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ခရစ္စမတ်အကြို ညစာစားပွဲ အခမ်းအနားကို ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အဆိုပါအသင်းတော် သာသနာအဖွဲ့ချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် သိက္ခာတော်ရ ဦးရှိုင်းသာဒွေးက အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာပြီး သိက္ခာတော်ရ ဦးမောင်မောင်ဌေးက နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ အဖွင့်သီချင်းသီဆိုချီးမွမ်းခြင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ သတ္တမနေ့ အသင်းတော် သာသနာအဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရ ဦးမဲမရီထွန်းက အဖွင့်ကောင်းချီး တောင်းခံခြင်းနှင့် ခရစ္စမတ်တေးသီချင်း သီဆိုဖျော်ဖြေခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်က အမှာစကားပြောကြားသည်။

ယင်းနောက် သိက္ခာတော်ရ ဦးမူးလာကျော်က ခရစ္စမတ်သတင်းကောင်း ပြောကြားကာ အဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးနန်ဒိုဒါလ်းက ကျေးဇူးတင်စကား ပြောကြားပြီး တက်ရောက်လာကြသူများအား ခရစ္စမတ်အကြို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ၍ ခရစ္စမတ်လက်ဆောင်များ ပေးအပ်သည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဇမ္ဗူအေးတိုက်ရှိ အရုဏ်သစ်ပရဟိတ လူငယ်ဖွံ့ဖြိုးရေးကျောင်း ငွေပဒေသာပင်အတွက် အလှူငွေကျပ် လေးသိန်းကို အလှူရှင် ဒေါ်ဆောင်းသီတာ (သက်လုံအထူးကုဆေးခန်း)က ကျောင်းဖြစ်မြောက်ရေးနာယက အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်ထံ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အင်တာနက် အာကာသသိပ္ပံသတင်း ဘာသာပြန် - ဝရဇိန်

ကိုယ်ပိုင်ကမ္ဘာပတ်ဂြိုဟ်တုလမ်းညွှန်စနစ်အတွက် သတ္တမမြောက်ဂြိုဟ်တု တရုတ်လွှတ်တင်

စီချမ်ပြည်နယ်အနောက်တောင် ပိုင်းရှိ ရှီချန်း ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ကမ္ဘာပတ်ဂြိုဟ်တု တစ်လုံးကိုအောင်မြင်စွာ လွှတ်တင်လိုက်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေကျင်း ဒီဇင်ဘာ ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စနေနေ့ ဒေသစံတော်ချိန် ၄ နာရီ မိနစ် ၂၀ က စီချွမ်ပြည်နယ်အနောက်တောင်ပိုင်းရှိ ရှီချန်း ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ကမ္ဘာပတ်ဂြိုဟ်တုတစ်လုံးကို အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဆိုသည်။

ယင်း ကမ္ဘာပတ်ဂြိုဟ်တုသည် တရုတ်တို့လွှတ်တင်ခဲ့ပြီးသော ကမ္ဘာပတ်ဂြိုဟ်တုများအနက် သတ္တမမြောက် ကမ္ဘာပတ်ဂြိုဟ်တုဖြစ်ပြီး Beidou (သို့) လမ်းပြအိမ်မြှောင်စနစ်ဟုခေါ်သည့် တရုတ်တို့၏ ကိုယ်ပိုင်ဂြိုဟ်တု လမ်းညွှန်စနစ်နှင့် တည်နေရာပြကွန်ရက်အတွက် လွှတ်တင်လိုက်ခြင်းဖြစ်သည်။

(၁၃၆)ကြိမ်မြောက် ခရီးစဉ်

ထို့ပြင် ယင်းကမ္ဘာပတ်ဂြိုဟ်တု လွှတ်တင်လိုက်ခြင်းသည် တရုတ်နိုင်ငံ၏ Long March ဂြိုဟ်တုသယ် ဒုံးပျံများအတွက် (၁၃၆)ကြိမ်မြောက် အာကာသခရီးစဉ်အတွက် အလုပ်လုပ်ခြင်းလည်းဖြစ်သည်။

ယခုလွှတ်တင်လိုက်သော ကမ္ဘာပတ်ဂြိုဟ်တုသည် ဂြိုဟ်တုအလုံး ၃၀ ကျော်ဖြင့် ဖွဲ့စည်းထားရှိမည့် အာကာသဂြိုဟ်တုကွန်ရက်တစ်ခု ဖြစ်လာရန် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ရောက်ရှိပြီးနှင့်သော အခြား ဂြိုဟ်တုခြောက်လုံးနှင့် သွားရောက်ပေါင်းစပ်မည်ဖြစ်သည်။

ဂြိုဟ်တုလမ်းညွှန်စနစ်

တရုတ်တို့သည် ဂြိုဟ်တုလွှတ်တင်ရာတွင် အမေရိကန်ပြည်ထောင်စု၏ အာကာသဆိုင်ရာ GPS စနစ်ကို မှီခိုအားထားရခြင်းမှ ကင်းရန် ၂၀၀၀ ပြည့်နှစ်ကတည်းက ၎င်းတို့၏ ကိုယ်ပိုင်ဂြိုဟ်တုလမ်းညွှန်စနစ်ကို စတင် အကောင်အထည်ဖော်ခဲ့ပြီး ထိုနှစ်ထဲမှာပင် အာကာသဆိုင်ရာ စမ်းသပ်မှု တစ်ရပ်အနေဖြင့် ကမ္ဘာပတ်ဂြိုဟ်တုနှစ်လုံးကို လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အင်တာနက်။

ညောင်ဦးခရိုင် မိုးစပါး အထွက်နှုန်း မှန်ကန်ရေး စံကွက်ရိတ်သိမ်းပွဲကို ညောင်ဦး ခရိုင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ညောင်ဦးခရိုင် မိုးစပါးအထွက်နှုန်းမှန်ကန်ရေး စံကွက်ရိတ်သိမ်း

နေပြည်တော် ဒီဇင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မိုးစပါးအထွက်နှုန်းမှန်ကန်ရေး စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ် လောကနန္ဒာမြစ်ရေတင်ရှိ ရွှေတွင်း ကျေးရွာအုပ်စု ကွင်းအမှတ်(၁၅၅၃) တွင်းရွာကွင်း ဦးပိုင်အမှတ် (၇/၄) တောင်သူ ဦးအောင်မင်း၏ (၉၀/၃၀) စပါးမျိုးစိုက်ခင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ရိတ်သိမ်းပွဲအခမ်းအနားသို့ ညောင်ဦးခရိုင်နှင့် ညောင်ဦးမြို့နယ် ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းခရိုင်မန်နေဂျာ၊ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်နှင့် မြို့နယ်မြေစာရင်းဦးစီး ဌာနတို့မှ ဦးစီးဌာနမှူး၊ လက်ထောက်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် စိုက်ညှိအဖွဲ့ဝင်များ တက်ရောက်ကြသည်။

စံကွက်ရိတ်သိမ်းရာတွင် ကောင်း/သင့်/ညံ့ ကိုယ်စားပြုခွဲ၍ ရိတ်သိမ်းခဲ့ရာ ပျမ်းမျှ ခြောက်သွေ့ပြီးစပါး တစ်ဧက ၉၃ ဒသမ ၇၁ တင်း ထွက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)